ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်၊ အင်္ဂါနေ့၊ (14-10-2008) (၅၈၃၁)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# မိတ္ထီလာခရိုင် မိုးစပါး ထွန်တုံးပိတ်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်

## ညောင်ဦးမြို့နယ်တွင် ဆည်၊ ကန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၃

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် အောက်တိုဘာ ၆ ရက်တွင် မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွာမွန်သာကျေးရွာ ကွင်းအမှတ် (၁၈၄၀)၊ ဦးပိုင်အမှတ် (၁၅)ရှိ တောင်သူ ဦးဘိုမြင့်၏ လယ် ၁ ဒသမ ၄၅ ဧက၌ ကောက်စိုက်လုံမေအဖွဲ့များက ဆင်းနွယ်ရင်စပါး ယှဉ်ပြိုင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။**

ယင်းနောက် မိတ္ထီလာခရိုင်၏ မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို အဆိုပါ လယ်အနီး ယာယီမဏ္ဍပ်၌ ကျင်းပရာ တိုင်းမှူးက တက်ရောက်အားပေးကာ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးအထွက်နှုန်း အမြင့်ဆုံးထုတ်လုပ်သူ ထူးချွန်ဆုရ ဝမ်းတွင်းမြို့နယ် အင်းကုန်းကျေးရွာမှ တောင်သူ ဦးသန်းလွင်၊ နွေစပါးအထွက်နှုန်း အမြင့်ဆုံး ထုတ်လုပ်သူထူးချွန်ဆုရ **စာမျက်နှာ ၃ ကော်လံ ၁ သို့** *

## အနားယူ အပန်းဖြေ

နေပြည်တော် ရေပန်းဥယျာဉ်၌ ပြည်သူများ အနားယူ အပန်းဖြေကြစဉ်။



# အများပြည်သူ အားလပ်ရက် နေပြည်တော်ရေပန်းဥယျာဉ်တွင် အနားယူ အပန်းဖြေ

သတင်းမှတ်စု
လှရွှေ(ကေတုမတီ)

နေပြည်တော်ရှိ ဝန်ထမ်းများသည် နိုင်ငံအကျိုးပြု ဌာနဆိုင်ရာတာဝန်များကို စုပေါင်း ထမ်းဆောင်ရင်း ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြသည်။ ဝန်ထမ်းများသာမက ဝန်ထမ်းမိသားစုများပါ နေထိုင်ကြသည်။ နေပြည်တော် ဝန်းကျင်တစ်ခွင်ရှိ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော်တပ်ကုန်း မြို့နယ်များတွင်လည်း ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်ကြသည်။

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ အများပြည်သူရုံးပိတ်ရက်ဖြစ်သည်။ ထိုနေ့ကဲ့သို့ အားလပ်ရက်များတွင် ဝန်ထမ်းများသာမက ဒေသခံပြည်သူအများစုသည် နေပြည်တော်၌ တည်ရှိသည့် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော်ပရဆေးဥယျာဉ်၊ နေပြည်တော်ရေပန်းဥယျာဉ်တို့၌သာမက နေပြည်တော်ရှိ ဈေးကြီးများသို့ သွားရောက်လည်ပတ် အပန်းဖြေ အနားယူကြသည်။

ထိုသို့ နေပြည်တော်၌ လည်ပတ် အပန်းဖြေအနားယူစရာ နေရာများရှိသည့်အနက် နေပြည်တော် အပန်းဖြေ ရေပန်းဥယျာဉ်သည် သာယာလှပသော ရှုချင့်စဖွယ် နေရာဌာနတစ်ခု ဖြစ်သည်။ နေပြည်တော်ရေပန်းဥယျာဉ်ကို ယခုနှစ်ဦးပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီက ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ နေပြည်တော်ရေပန်းဥယျာဉ်သည် နေပြည်တော်-တောင်ညို ကားလမ်းမကြီးဘေး နေပြည်တော်မြို့တော်ခန်းမအနီး၌ တည်ရှိသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

## ယနေ့ ကြေးမုံ ပြည်တွင်း ၊ ပြည်ပ သတင်းများ အညွှန်း



ဒဏ်ရာ အထပ်ထပ်နှင့် အီရတ်၏ပစ္စုပ္ပန် နိုင်ကြေးမုံ၏ (သတင်းဆောင်းပါး)

စာမျက်နှာ ၈



အာဟာရဓာတ် ပြည့်ဝသည့် မြန်မာ့သီးနှံ နယ်စပ်ကုန်သွယ်ရေးတွင် အရောင်းအဝယ်မှန် (သတင်းဆောင်းပါး) စာမျက်နှာ ၁၀



နိုင်ငံတကာ ဘောလုံး အားကစား သတင်းများ

စာမျက်နှာ ၁၁



ကြေးမုံ The Mirror
၁၄-၁၀-၂၀၀၈
(အင်္ဂါနေ့)

**ပြည်သူ့သဘောထား**
- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်ကြည်ညိုပွားများပူဇော်

သီတင်းကျွတ်လကို ပုဂံခေတ်ကျောက်စာတို့၌ သန်တူလဟု ရေးထိုးခဲ့ကြသည်။ သန်တူလဟူသည် ဝသန္တဥတု တူရာသီဟုဆိုလိုသည်။ ရာသီအားဖြင့် တူရာသီဖြစ်၍ စန်းပြည့်နက္ခတ်မှာ အဿဝနီဖြစ်သည်။ သီတင်းကျွတ် လ၏ ရာသီပွဲတော်မှာ မီးမြင်းမိုရ်ပွဲဖြစ်သည်။ ဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သက်ဆင်းသက်သနကိုရ်သို့ ကြွမြန်းတော်မူလာချိန်ကို ရည်ရွယ်၍ သီတင်းကျွတ်လပြည့်နေ့ **"မီးထွန်းပွဲ၊ မီးမြင်းမိုရ်ပွဲ"** ကျင်းပကြခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဗုဒ္ဓအဖြစ်သို့ရောက်တော်မူပြီး ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူသည်။ ဤသည်မှာ ဘုရားရှင်၏ မယ်တော် မာယာဒေဝီသည် တာဝတိံသာ နတ်ပြည်တွင်သန္တုသိတအမည်ဖြင့်နတ်သားဖြစ်နေရာ မယ်တော်အားအဘိဓမ္မာတရားဟောကြားခြင်းဖြင့် ကျေးဇူးဆပ်လိုသောကြောင့်ဖြစ်သည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်မြတ်ကို ဝါဆိုလပြည့်နေ့မှစတင်၍ နေ့ ည မစဲ ဝါတွင်းသုံးလပတ်လုံးဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် တရားတော် ပြီးဆုံးခဲ့သည်။

**"ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ** အစရှိသော **အဘိဓမ္မာ တရားတော်မြတ်"**သည် အလွန် ထူးကဲသည်။ စိတ်ကို အပူအပင်ကင်းစေရန် သန့်စင်ပေးနိုင်ပြီး ဘဝခရီးကို အေးမြကြည်လင် တည်ငြိမ်ရင့်ကျက်စွာ လျှောက်လှမ်းစေနိုင်သည်။ ထိုတရားတော်မြတ်အား ရွတ်ပွားနာကြားနေချိန်တဒင်္ဂ၌ပင် လောဘ၊ ဒေါသ၊ မောဟ ကိလေသာများချုပ်ငြိမ်းနေခြင်းအကျိုးတရားများ ရရှိဖြစ်ထွန်းစေသည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပတ်လုံး ဖြည့်ဆည်းအပ်သော ပါရမီတော် အဟုန်ဖြင့် ရရှိတော်မူခဲ့သည့် သဗ္ဗညုတဉာဏ်တော်ကြောင့် အဘိဓမ္မာတရားတော်ကို ထုတ်ဖော်ဟောကြားတော်မူနိုင်ခဲ့ခြင်း ဖြစ်သည်။

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် မြို့ပြ ပြည်ရွာ အနှံ့ အဘိဓမ္မာတရားတော်များ ရွတ်ပွားပူဇော် နေကြသည်။ ဤသို့ သီတင်းကျွတ်လပြည့် နေ့ထူးနေ့မြတ်အခါသမယတွင် မြတ်ဗုဒ္ဓ၏ ဂုဏ်တော် ကျေးဇူးတော် တို့ကို အာရုံပြု၍ အဘိဓမ္မာတရားတော်မြတ်အား အထူးစွဲမြဲယုံကြည်စွာ ကြည်ညိုသဒ္ဓါပွားများ ပူဇော်ကြခြင်းဖြင့် လောကီလူသားအားလုံး ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားများ ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

## ငွေချည်(၆)ချည်မျှင်ရှည်ဝါ တစ်ဧကပိသာ ၁၆၀၀ ထွက်ရှိရေးကြိုးပမ်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၃

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မိတ္ထီလာ မြို့နယ် တောမကျေးရွာတွင် စိုက်ပျိုးဖြစ်ထွန်းနေသော မိုးနှောင်း ငွေချည်(၆) ချည်မျှင်ရှည်ဝါ တစ်ကွင်းတစ်စပ် ဧက ၁၀၀စိုက်ခင်း၌ ဝါစိုက်တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝါစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ ဆွေးနွေးမှာကြားပြီး တောင်သူဦးမြင့်ဟိန်းနှင့် ဦးစိုးမောင်တို့၏ မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ၌ မိုးနှောင်း ငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက် တောင်သူများနှင့် တွေ့ဆုံ၍ ဝါစိုက်ပျိုးမှု အခြေအနေများနှင့် တစ်ဧကဝါအထွက်တိုးရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး တောင်သူဦးအောင်ငြိမ်း၏ မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ခင်းကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာမြို့ ဝါနှင့်ပိုးချည် လုပ်ငန်းဌာန၌ မိတ္ထီလာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များအားတွေ့ဆုံပြီး မိတ္ထီလာနှင့်သာစည်မြို့နယ်များ၌ မိုးစပါးနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာသို့ သွားရောက်၍တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စပါးနှင့် မိုးနှောင်းငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေး၊ တစ်ဧကပိသာ ၁၆၀၀ ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)




## သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ဝေါလ်ဗွီးရှင်းမြန်မာတို့ ပူးပေါင်းဆောင်ရွက်သော အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေး သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းကလှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝေါလ်ဗွီးရှင်းမြန်မာမှ စီမံချက်လုပ်ငန်းများဆိုင်ရာအကောင်အထည်ဖော်ရေးမန်နေဂျာ ဒေါက်တာစောအိုင်ဗင်က ဝေါလ်ဗွီးရှင်းမြန်မာနှင့်ပတ်သက်သည့်လုပ်ငန်းများအကြောင်းနှင့် သက်ကြီးရွယ်အိုများစောင့်ရှောက်ရေးနှင့် စပ်လျဉ်းသည့် သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၃၂၉)

## ရန်ကုန်မြို့ သံသုမာလမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းခရိုင်ရုံး (အနောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးကျော်ဝင်းနှင့် ဦးစီးအရာရှိ ဦးစိန်ဝင်း ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ဖြင့် ပူပေါင်း၍ အောက်တိုဘာ ၃ ရက်က သံသုမာလမ်းမပေါ် (ဥက္ကလာဂေါက်ကွင်းအနီး) တွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့်ယာဉ်မောင်းများအား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်ကြံ့ခိုင်မှု ရှိမရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိမရှိတို့ကို ရှောင်တခင် စစ်ဆေး၍ ပညာပေး အရေးယူ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)** (သတင်းစဉ်)




## မြန်မာနယူးစ်ဝိခ်ဂျာနယ်ထုတ်ဝေဖြန့်ချီ

ရန်ကုန် အောက်တိုဘာ ၁၃

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၇)တွင် နိုင်ငံပိုင်တိုက်ခန်း(၅၁)ခန်း ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်၊တားမြစ်ပိတ်ပင်ထားသည့် နို့မှုန့်ကိုးမျိုးအား လျှော့ဈေးဖြင့်ရောင်းတိုင်း ဝယ်မစားသင့်၊ မယ်လမင်းမပါသည့် နို့မှုန့်များ ဓာတ်ခွဲစစ်ဆေးပြီးဖြန့်ဖြူးခွင့်ပေးမည်၊ မြန်မာ့လယ်ယာကဏ္ဍတစ်ခေတ်ဆန်းမည်၊ မိုးကုတ်၌ နေအိမ်တစ်လုံး ရေတိုက်စား၍ ပြိုကျ၊ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး လီမိတက်မှ အစုရှယ်ယာများရောင်းချပေးမည်။ ဗေဒင်ဆရာလောကမှ လုပ်စားယတြာများ၊ မြန်မာနိုင်ငံ၏ ဘောလုံးအကယ်ဒမီ သင်တန်းကျောင်းဖွင့်လှစ်တော့မည်၊ ကမ္ဘာ့ စံချိန်တင်လူဝကြီး ကွယ်လွန်ရှာပြီ၊ အိမ်အသစ်ဆောက်၊ ရွှေ ငွေလက်ဝတ်ရတနာများ ဝယ်နေသူအား စစ်ဆေးရာမှ ငွေကျပ် ၄၃ သိန်း ခိုးမှုပေါ်ပေါက်၊ ပြည့်တန်ဆာနှင့် ပျော်ပါးမှုလွန်ပြီး သူငယ်ချင်းနှစ်ယောက် စကားများရန်ဖြစ်ရာမှ အသက်သေဆုံးခဲ့ပါမောက္ခဒေါက်တာဦးခင်မောင်အေး၏ ကျောင်းသားအရွယ်နှင့် အာသီးရောင်ခြင်း၊ ဒေါက်တာဦးအောင်ခင်ဆင့်၏ဆီးချို-သွေးချို ဝေဒနာရှင်များ ကျန်းမာစေရမည်၊ နို့မှုန့်တိုင်းကို ကြောက်စရာမလိုအန္တရာယ်ကင်းရှင်းကြောင်း တံဆိပ်အစစ်ပါလျှင် စားသုံးနိုင်၊ ဒါရိုက်တာကြည်ဖြူသျှင် All Road Film Festival မှဇာတ်လမ်းတို အကောင်းဆုံးဆုရရှိခဲ့၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရန် နိုင်ငံခြားကုမ္ပဏီများ စိတ်ဝင်စား၊ အီရန်ကမီးကိုမီးနှင့်ကစားရန် အသင့်စသည့်နောက်ဆုံးရပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကိုအပတ်စဉ် အင်္ဂါနေ့ နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ရန်ကုန်တက္ကသိုလ် ဥပဒေဘွဲ့နောက်ဆုံးအပတ်စဉ်(၁၉၇၅-၈၀) ကျောင်းသား၊ ကျောင်းသူများ တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ဝိဇ္ဇာ(ဥပဒေ)နှင့် ဥပဒေဘွဲ့နောက်ဆုံးအပတ်စဉ် (၁၉၇၅-၈၀) ကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၅ ရက်က ရန်ကုန်မြို့ (၅၁)လမ်း၊ အမှတ်(၇၂)၌ ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ရီက အမှာစကားပြောကြားသည်။ ယင်းနောက်လုပ်ငန်းအစီအစဉ်များကို အတွင်းရေးမှူး ဦးသိန်းထွန်း၊ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဝင်း၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့မှ ဦးတင်လတ်၊ ပြန်ကြားဆက်သွယ်ရေးအဖွဲ့မှ ဒေါ်မြတ်မြတ်သစ်နှင့်တက်ရောက် လာသူများက ဆွေးနွေးညှိနှိုင်းကြသည်။ ဖော်ပြပါ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကမာရွတ် မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့်အလှူငွေများကို ဦးသိန်းဆိုင် ဖုန်း-၀၉ ၅၀၀၂၂၉၄၊ ဦးသိန်းထွန်း ဖုန်း-၀၉ ၈၀ ၂၃၇၇၈၊ ဦးတင်လတ် ဖုန်း-၅၅၃၆၅၄၊ ဦးမြအောင် ဖုန်း-၀၉၅၁၅၁၂၄၆၊ ဒေါ်ဆွေဆွေ ဖုန်း-၀၉၅၁၁၄၂၀၃၊ ဒေါ်မင်းမင်းစမ်း ဖုန်း-၀၉၅၁၀၄၀၉၂၊ ဒေါ်တင်မာရီ ဖုန်း-၀၉၈၀၂၂၃၅၇၊ ဒေါ်အေးအေးခိုင် ဖုန်း-၀၉၂၀၀၄၂၄၈၊ ဒေါ်ယဉ်မျိုးမေ ဖုန်း-၀၉၅၁၈၁၀၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)




**ရောဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း စက်တင်ဘာ ၂၅ ရက်က လပွတ္တာမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများအား ရည်မှန်းချက်ရှိရမည်ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။**
(ခရိုင် ပြန်/ဆက်)

**လှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နံရံကပ်စာစောင်ဖွင့်ပွဲ၊ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကိုအောက်တိုဘာ ၁၀ရက်က (၃)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှဌေးအောင် အမှာစကားပြောကြားစဉ်။** (၅၄၃)



# သိမ်တောင်ဆရာတော်၏ အန္တိမအဂ္ဂိစျာပန ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

စက်တင်ဘာ ၁၆ ရက် ည ၁၁ နာရီ ၂၅ မိနစ်တွင် ပျံလွန်တော်မူသော ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆဋ္ဌသင်္ဂီတိကာရက ပါဠိဝိသောဓက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက သိမ်တောင်ဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက သက်တော် (၉၅)နှစ် သိက္ခာတော် (၇၅) ဝါ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်ကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ပြည်နယ်၊ ခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ စျာပနကျင်းပရေးကော်မတီဝင်များ၊ ဆွေမျိုးများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော စိန်ကတ္တီပါတော်ကြီးကို တိုင်းမှူးနှင့်ဝန်ကြီးတို့က တင်လှူမ်းပူဇော်သည်။

ထို့နောက် ညနေ ၆ နာရီတွင် တောင်ကြီးမြို့ မြို့မကွင်းရှိ လောင်တိုက်၌ မီးသင်္ဂြိုဟ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**✳ ရှေ့ဖုံးမှ**

မလှိုင်မြို့နယ် မြို့ကုန်းကျေးရွာမှ တောင်သူ ဦးရဲနိုင်နှင့် မျိုးသန့်စပါးထုတ်လုပ်မှုထူးချွန်ဆုရ ဝမ်းတွင်းမြို့နယ် ကျားသေကန်ကျေးရွာမှ တောင်သူ ဦးဌေးကျော်လွင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သာစည်မြို့နယ် အနောက်ဘက် သာစည်-မြင်းခြံ မီးရထားလမ်း တောင်ဘက်ရှိ မင်းလှကန်၌ ရေဝင်ရောက်မှုနှင့် ကန်ကြွခိုင်မှု၊ ထိန်းသိမ်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ မင်းလှကန်အား ရေဝင်ရောက်မှုနှင့် ကြွခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ထို့နောက် တိုင်းမှူးသည် ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာရှိ ကမ္ဗကန်တော်ကြီး သောက်သုံးရေကန်ကိုလည်းကောင်း၊ မြကန်တမံကိုလည်းကောင်း၊ ညောင်တိုကျေးရွာ၌ လောကနန္ဒာမြစ်ရေတင် လက်တံမြောင်းမှ သွယ်ယူထားသော ကျေးရွာသောက်သုံးရေကန်ကိုလည်းကောင်း၊ လောကနန္ဒာမြစ်ရေ၊ ရေတင်အဆင့် ပင်မမြောင်းတစ်လျှောက် စပါးနှင့် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးထားသော မိုးစပါးဧက ၁၀၀ စံပြစိုက်ကွင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ တိုင်းမှူးသည် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**❒ အများပြည်သူအားလပ်ရက်မှ**

ဥယျာဉ်ကြီးမှာ ၆၅ ဧကခန့်ကျယ်ဝန်းပြီး ဥယျာဉ်အဝင်မုခ်ဦးကို သံစတီးလ်များဖြင့် အခိုင်အမာတည်ဆောက်ထားကာ အမြင့် ၄၈ ပေ၊ အကျယ် ၄၈ ပေ ရှိသည်။

ရေပန်းဥယျာဉ်အတွင်း ၆ ဧကအကျယ် ရေဂါလန် ၁၅ သန်းဆံ့ ပင်မရေကန်ကြီးတစ်ကန်နှင့် ကန်အတွင်း ရေပန်းကြီး သုံးခုရှိသည်။ ဘဲငန်းကန်နှင့် ရေပန်းကန်ငယ် ၁၁ ကန်တွင် ရေပန်းအလှ ပုံစံမျိုးစုံ ၁၃ခု ရှိသည်။ အမြင့် ပေ ၃၀ ရှိ လေးဘက်မြင် သံစုံမြည် နန်းမြင့်နာရီစင်လည်း ရှိသည်။ မိသားစုအလိုက် အပန်းဖြေနားနေရန်နှင့် ရှုမျှော်ခင်းများ ကြည့်ရန် နားနေဆောင် ကိုးဆောင်ရှိသည်။ ရှုရပ်ပန်းဥယျာဉ်ငယ် နှစ်ခုနှင့် ကျောက်တုံးဥယျာဉ် နှစ်ခုရှိသည်။ ဥယျာဉ်အတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် ၁၀ ပေ အကျယ် ကားလမ်းနှင့် လူလျှောက်လမ်းများပါ တည်ဆောက်ထားသည်။

ထို့ကြောင့် နေပြည်တော်ရေပန်းဥယျာဉ်သည် ပြည်သူများ စိတ်လက်ကြည်သာစွာဖြင့် အပန်းဖြေ အနားယူနိုင်သော ဥယျာဉ်သာတစ်ခုဖြစ်သဖြင့် ယနေ့ကဲ့သို့ အများပြည်သူရုံးပိတ်ရက်အတွင်း လာရောက်လည်ပတ်အပန်းဖြေနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။



**နေပြည်တော် ရေပန်းဥယျာဉ်ရှိ ရေကန်ငယ်မှ ရေပန်းအလှကို တွေ့ရစဉ်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၄-၁၀-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၀၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း (အပိုင်း-၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြား တေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - လေကြောင်းမြို့တော် (အပိုင်း-၃)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

**၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

**၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။**

**၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။**

**၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။**

## မှန်းဆပူဇော် မီးထွန်းပွဲတော်

✳ မိုင်းပြာပြာ တိမ်မြေရှင်းချိန်မို့
တိုင်းအာကာ ထိန်ဝေလင်းပါဘိ
သီတင်းကျွတ်သည်ချိန်ခါ။

✳ နီဝါဖြူ အဆန်းခြယ်ပါလို့
ညီညာတူ လမ်းသွယ်သွယ်မှာလ
တန်းသွယ်ကာ မီးပုံးငယ်တွေနှင့်
ရှေးထုံးမပယ် ပူဇော်ထွန်းကာပ
ကျွန်းဇမ္ဗူမော် မြတ်ဘုန်းရှင်ကိုလ
မြတ်ဆုံးသွင် ကြိုသည့်ပွဲကို
နွှဲကြစဉ်လာ။

✳ ပန်းရွှေကြာ ရာသီဖူးပွင့်ချိန်မို့
ပဌာန်းဒေသနာ ခါမှီကျူးရင့်ကာပ
မြူးစွင့်စွင့် သဒ္ဓါမိုးတွေက
ရွာသွန်းဖြိုး မပြတ်မှန်စွာ
မြတ်သံဃာသို့ ဆွမ်းလှူပွဲ။

✳ ဘာသာချစ်သူတွေမို့
သာသနာတော်ခေတ် အခါကြုံပြီမို့
သဒ္ဓါဟုန် ညှိုးမခြောက်ပါဘု
ဖြိုးမောက်ကာ လျှံဝေဝေနဲ့
မြန်မာပြည် ကိန်းခန်းသာလို့
ငြိမ်းချမ်းစွာ မီးသဘင်ပွဲကို
အလိုကွယ် နွှဲကြခိမ့်သဲ။

**မိုးမြင့်လွင်**

## ခေတ္တရာအသင်း(ရန်ကုန်)သို့ ဆက်သွယ်လှူဒါန်းနိုင်

**ရန်ကုန် အောက်တိုဘာ ၁၃**

ခေတ္တရာအသင်း(ရန်ကုန်)၏ ကထိန်အလှူပွဲကို နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပြည်ခရိုင်အသင်းသူ၊ အသင်းသားများ မိသားစုနှင့်တကွ တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးသန်းထွန်း ဖုန်း- ၃၄၇၅၃၁၊ ဦးဌေးအောင် ဖုန်း-၅၃၀၆၇၄၊ ဦးဖေကြည် ဖုန်း-၃၈၈၅၉၉၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) ဖုန်း-၅၂၇၈၁၁ (လိုင်းခွဲ-၁၁၈၈)၊ ဦးဝင်းမော် ဖုန်း-၂၄၂၁၃၈နှင့် ဒေါ်ဥမ္မာသန်း ဖုန်း- ၂၄၉၀၉၂တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

## အီရတ်နှင့် အာဖဂန်နစ္စတန်သတင်းများ

### အီရတ်ကင်းလှည့်ရဲတပ်ဖွဲ့ကို ဗုံးခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင်များ အပါအဝင် ၁၁ ဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကင်းလှည့်နေသော ရဲတပ်ဖွဲ့များကို ပစ်မှတ်ထား၍ လမ်းဘေးဗုံးနှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် ရှစ်ဦးအပါအဝင် ၁၁ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်မှ ကြားသိရသည်။

ဘဂ္ဂဒက်အရှေ့ပိုင်း၊ ပါလက်စတိုင်းလမ်းထဲတွင် နံနက် ၈နာရီခွဲ ခန့်တွင် လုံခြုံရေးကင်းလှည့် ယာဉ်အား ဦးတည်၍ လမ်းဘေးဗုံးဖောက်ခွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသူက ဆင်ဟွာ သတင်းဌာနသို့ သတင်းပေးခဲ့သည်။

ဗုံးဒဏ်ကြောင့် ရဲတပ်ဖွဲ့ကားများ ဆိုးရွားစွာပျက်စီးသွားပြီး အနီးရှိ ဈေးဆိုင်များနှင့် အရပ်ဘက်ကားများလည်း ပျက်စီးရကြောင်း သတင်းပေးသူက ဆက်လက်ပြောဆိုသည်။

အခြားလမ်းဘေးဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဝါဇီရီယာ ရပ်ကွက် လမ်းဆုံ၌ ရဲတပ်ဖွဲ့ကင်းလှည့်ကားအနီးတွင် ဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး ရဲကင်းလှည့်ကား တစ်စီး ပျက်စီးသွားသည်။

လူနာတင်ကားများဖြင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ပေးခဲ့သည်။ အီရတ်လုံခြုံရေးအဖွဲ့များက အခင်းဖြစ်ရာနေရာများကို လုံခြုံရေးစိတ်ချရရန်ပိုက်စိပ်တိုက်ရှာဖွေကြသည်။ ***အင်တာနက်။***



### ဘဂ္ဂဒက်တွင်ကားဗုံးပေါက်ကွဲ၊ ကိုးဦးသေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်း အရောင်းအဝယ် စည်ကားသော လမ်းအတွင်း ကားဗုံးဖောက်ခွဲတိုက်ခိုက်ရာ လူကိုးဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြား သည်။

ရှီးယိုက်လူမျိုးများ အများစုနေထိုင်သော ဘာယာခရိုင်တွင် ၎င်းဗုံး ဖောက်ခွဲမှု ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောကြားသည်။ **(အပေါ်ပုံ)**

ယမန်နှစ်က ရှီးယိုက်လက်နက်ကိုင်များက များစွာသော ဆွန်နီများကို နေရာရွှေ့ပြောင်းချထားသောအခါ ဆွန်နီနှင့် ရှီးယိုက်တို့သည် ဘာယာခရိုင် တွင် တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ခဲ့ကြသည်။

အကြမ်းဖက်တိုက်ခိုက်မှုများသည်လွန်ခဲ့သောနှစ်ကစ၍လျော့ပါးသွား ခဲ့သော်လည်း ဇန်နဝါရီလအကုန်ပိုင်းတွင်ကျင်းပမည့် ပြည်နယ်ရွေးကောက် ပွဲအတွင်း အရှိန်မြင့်လာမည်ကိုအမေရိကန်တာဝန်ရှိသူများက စိုးရိမ်လျက် ရှိသည်။ ရွေးကောက်ပွဲရက်ကိုမူ ကြေညာခြင်းမပြုသေးပေ။ ***အင်တာနက်။***

### အမေရိကန်က ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အာဖဂန်နယ်စပ်၌ ငါးဦးသေ

**မီရန်ရှား အောက်တိုဘာ ၁၃**

အယ်လ်ခိုင်ဒါနှင့် တာလီဘန် စစ်သွေးကြွများခိုလှုံရာ ပါကစ္စတန် နိုင်ငံနယ်စပ်သို့ အောက်တိုဘာ ၁၁ ရက်က အမေရိကန်စစ်ဘက်က ပစ် သည်ဟုယူဆသော ဒုံးကျည်နှစ်စင်း ကျရောက်ပေါက်ကွဲမှုကြောင့် စစ်သွေး ကြွငါးဦးထက်မနည်း သေဆုံးကြောင်း ဒေသခံများနှင့် တာဝန်ရှိသူများက ပြောကြားသည်။

ယခုရက်သတ္တပတ်၌ အာဖဂန် နယ်စပ်ရှိ ဝါဇီရစ္စတန်လူမျိုးစုဒေသ မြောက်ဘက်တွင် တိုက်ခိုက်မှုမှာ ဒုတိယအကြိမ် ဖြစ်ပွားခြင်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***






**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ဘာယာဒေသတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သောနေရာကို အောက်တိုဘာ ၁၂ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

### အာဖဂန်နစ္စတန်တွင်အသေခံဗုံးခွဲ၊ ခြောက်ဦးဒဏ်ရာရရှိ

**ကဘူး အောက်တိုဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဥရုစ်ဂန်ပြည်နယ်တွင် အသေခံဗုံးခွဲ သမားတစ်ဦးသည် အာဖဂန်အမျိုးသားကြည်းတပ်ဖွဲ့ (အေအင်န်အေ) ၏ မော်တော်ယာဉ်ကို ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်ရာ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် အနည်းဆုံး ခြောက်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲခန့်တွင် ဗုံးပေါက်ကွဲခဲ့သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ဂျာမားဂေါ်ဟူမတ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ အသေခံဗုံးခွဲသမားတစ်ဦးသည် ပေါက်ကွဲစေသောပစ္စည်း များကို အကျီအောက်တွင် ချိန်းနှောင်လာခဲ့ပြီး အေအင်န်အေတပ်ဖွဲ့ ယာဉ်အနီး တွင် သူ့ကိုယ်သူ ဖောက်ခွဲလိုက်ခြင်းဖြစ်သည်ဟု ပြောကြားသည်။ ယခု အချိန်ထိ ထိုတိုက်ခိုက်မှုကို စီစဉ်ဆောင်ရွက်ခဲ့ကြောင်း တစ်စုံတစ်ဦးကမျှ ကြေညာခြင်း မပြုသေးပေ။ တာလီဘန်သူပုန်တို့ကို တိုက်ခိုက်နေသည့် နိုင်ငံခြားတပ်ဖွဲ့အင်အား ၇၁၀၀၀ခန့် ရှိနေသော်လည်း အာဖဂန်အစိုးရ၏ အကျိုးစီးပွားကို ဆန့်ကျင်သော တိုက်ခိုက်မှုများမကြာ ခဏဖြစ်ပေါ်လျက် ရှိသည်။ တဖြည်းဖြည်း များလာလျက်ရှိသော တိုက်ပွဲများနှင့် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ယခုနှစ်အချိန်အထိ အရပ်သား ၁၅၀၀ခန့်အပါအဝင် လူဦးရေ ၄၅၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

### အာဖဂန်နစ္စတန် တောင်ပိုင်းတွင် တိုက်ပွဲဖြစ်၊ စစ်သွေးကြွ ၁၀၀ ကျော် သေဆုံး

**ကဘူး အောက်တိုဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့် ပြည်နယ်တွင် အာဖဂန်တပ်ဖွဲ့ဝင်များ နှင့် တာလီဘန်စစ်သွေးကြွများ အကြား သုံးရက်ကြာ တိုက်ပွဲဖြစ်ရာ အောက်တိုဘာ ၁ရက် တိုက်ပွဲ၌ စစ်သွေးကြွ ၆၄ ဦး သေဆုံးမှုအပါ အဝင် စုစုပေါင်း စစ်သွေးကြွ ၁၀၀ သေဆုံးကြောင်း ပြည်နယ် အုပ်ချုပ် ရေးမှူးရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တာလီဘန်များက ဟဲလ်မန့် ပြည်နယ်မြို့တော် လပ်စ်ခါဂတ်ချ် မြို့အား သုံးဘက်သုံးတန်မှ နာရီ အနည်းငယ်ကြာ တိုက်ခိုက်ရာ အာဖဂန်တပ်ဖွဲ့များက နေတိုးတပ်ဖွဲ့ ၏ လေကြောင်း အကူအညီဖြင့် ပြန်လည်တွန်းလှန်၍ တာလီဘန် ၆၄ဦးသေဆုံးကြောင်း ၎င်းပြောရေး ဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာန သို့ ပြောကြားသည်။ ထိုတိုက်ပွဲမှာ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ဖြစ်ခဲ့ကြောင်း ၎င်းက ထပ်မံ ပြော ကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ပါကစ္စတန်နှင့်အာဖဂန်နယ်စပ်တွင်အမေရိကန်တို့၏ မှားယွင်း ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦးကို ဒေသခံဆေးရုံ၌ အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။***(ဓာတ်ပုံ-အင်တာနက်)*



### မင်ဟက်တန်၌ အဆောက်အအုံမီးလောင် မိသားစုဝင် ငါးဦးသေဆုံး

**နယူးယောက် အောက်တိုဘာ ၁၂**

အမေရိကန်နိုင်ငံ မင်ဟက်တန် ဒေသ ချယ်လ်ဆီးဝန်းကျင်၌ အများ ပိုင် နေအိမ်တစ်လုံးရှိ အိမ်ခန်း၌ မီးလောင်မှုဖြစ်ရာ မိသားစုဝင် ငါးဦး သေဆုံးပြီး ၁၀ နှစ်အရွယ် ယောကျ်ား ကလေးတစ်ဦးသာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း ဒေသဆိုင်ရာ အရာရှိများက ပြောကြားသည်။ အဆောက်အအုံတွင် အလိုအလျောက် မီးငြိမ်းသတ်သည့်ကိရိယာ တပ်ဆင် ထားသော်လည်း မီးလောင်ချိန်တွင် ထိုကိရိယာကိုဖြုတ်ထားပြီး ဘက်ထရီ လည်း ထည့်မထားကြောင်း စစ်ဆေး တွေ့ရှိရကြောင်းဒေသခံမီးသတ်ဌာန ကပြောကြားသည်။ ***အင်တာနက်။***

### မက္ကဆီကိုရှိ ဘီယာဆိုင်တွင် ပစ်ခတ်မှုဖြစ်၊ ၁၁ဦးသေဆုံး

**မက္ကဆီကို အောက်တိုဘာ ၁၃**

မက္ကဆီကိုနိုင်ငံ မြောက်ဘက်ရှိ ဘီယာဆိုင် တစ်ဆိုင်အတွင်းသို့ မျက်နှာဖုံးစွပ်ထားသူများ ဝင်ရောက်ကာ သေနတ်ဖြင့် တရစပ်ပစ်ခတ်မှုကြောင့် လူ ၁၁ ဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ပစ်ခတ်မှုသည် မူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်းမှ ရန်ငြိုးဖြင့် ပစ်ခတ်ခြင်းဖြစ်ပြီး ယင်းဒေသတွင် ဇူလိုင်လမှ စတင်ကာ မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့်ဆက်နွယ်၍အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရမှုများတွင် တတိယမြောက်ဖြစ်သည်ဟုဆိုသည်။

အမည်းရောင်ခေါင်းစွပ်များ စွပ် ထားသော သေနတ်သမားများသည် အောက်တိုဘာ ၉ ရက် ညက တက္ကဆက်ပြည်နယ်အနီးချီဟူဟာဟာ မြို့ရှိ ရိုင်ရိုရို့ဆက်ဘီယာဆိုင်အတွင်း သို့ပြည်နယ်ရဲတပ်ဖွဲ့ဝင်များဟန်ဆောင် ကာ အတင်းတိုးဝှေ့ဝင်ရောက်ပြီး နောက်သေနတ်များဖြင့်အပြင်းအထန် တရစပ်ပစ်ခတ် တိုက်ခိုက်ခဲ့ကြသည် ဟုယင်းဒေသရှိရှေ့နေချုပ်ရုံးမှတာဝန် ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် အမေရိကန် နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ကြသော မူးယစ် ဆေးဝါးဂိုဏ်းများအကြား ရန်ငြိုး ထားကာ ပစ်ခတ်ခြင်း ဖြစ်သည်ဟု ယူဆရသည်။

ဒဏ်ရာရရှိသူများတွင် ဒေသခံ သတင်းထောက်တစ်ဦးပါဝင်သည်ဟု သိရသည်။

ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် အချိန် တိုအတွင်းမှာပင် အဆိုပါသေနတ် သမားများ ထွက်ပြေးတိမ်းရှောင်သွား ရာ နောက်သို့ လိုက်လံတိုက်ခိုက်ခဲ့ ကြောင်းနှင့်ယင်းတိုက်ပွဲတွင် ရဲတပ်ဖွဲ့ ဝင်နှစ်ဦးနှင့် သေနတ်သမားနှစ်ဦးတို့ သေဆုံးခဲ့ကြောင်းသိရသည်။

***အင်တာနက်။***

### ဖိလစ်ပိုင်တောင်ပိုင်းတွင် တိုက်ပွဲများဖြစ်၊ ရှစ်ဦးသေဆုံး

**မနီလာ အောက်တိုဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် အောက်တိုဘာ ၁၁ ရက်က ခွဲထွက် ရေးသမားများ၏ ပစ်ခတ်တိုက်ခိုက် မှုကြောင့် ရှစ်ဦးထက်မနည်း သေဆုံး ကြောင်း စစ်ဘက်ကပြောကြားသည်။

သီးခြားဖြစ်စဉ်အနေဖြင့် ဖိလစ်ပိုင် နိုင်ငံ ဆူတန်ကူဒါရက်ပြည်နယ် တောင်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် အောက်တိုဘာ ၁၁ ရက် ဒေသ စံတော်ချိန် နံနက် ၄ နာရီဝန်းကျင် က မိုရိုခွဲထွက်ရေးအဖွဲ့၏ ပစ်ခတ် တိုက်ခိုက်မှုကြောင့် အရပ်သား လေး ဦးနှင့် ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး ခဲ့ပြီး အရပ်သားသုံးဦး ဒဏ်ရာရရှိခဲ့ သည်ဟုဆိုသည်။

၎င်း မိုရိုတိုက်ခိုက်ရေးသမားများ သည်အစိုးရတပ်ဖွဲ့၏လိုက်လံချေမှုန်း တိုက်ခိုက်မှုကို ကာကွယ်ရန်အတွက် ကျေးရွာသား နှစ်ဦးကိုလည်း ပြန်ပေးဆွဲသွားခဲ့သည်ဟု ဆိုသည်။ အခြားတစ်ဖက်တွင်လည်း လက်ဝဲ စန်းပြည်သူ့စစ်အဖွဲ့(အန်ပီအေ)ဝင်များ က စစ်ဘက်ထရပ်ကားတစ်စီးကို ချောင်းမြောင်းပစ်ခတ်ခဲ့သဖြင့်အစိုးရ တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

### နိုင်ဂျီးရီးယားမြောက်ပိုင်းတွင် ဝမ်းရောဂါဖြစ်၊ လူ ၂၀ သေဆုံး

**ကာနို(နိုင်ဂျီးရီးယား) အောက်တိုဘာ ၁၂**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာနိုပြည်နယ်တွင် ပြီးခဲ့သော သီတင်းပတ်က ကာလဝမ်းရောဂါဖြစ်ပွားရာ လူပေါင်း ၂၀အသက်ဆုံးရှုံးရကြောင်း ဒေသခံများက အောက်တိုဘာ ၁၁ရက်တွင် ပြောကြားသည်။ ရီကာဒါဝါကျေးရွာတွင် ကာလဝမ်းရောဂါ ဖြစ်ပွားရာ ရွာသား ၂၀ သေဆုံးရပြီး ၇၀ ဆေးရုံတင်ထား ရကြောင်း ပါခိုဘီဒေသခံ အစိုးရအဖွဲ့ ဥက္ကဋ္ဌ အီဘရာဟင်မူဇာက ပြောကြားသည်။ ထိုကျေးရွာသည် ကာနိုပြည်နယ်၏ အနောက်ပိုင်း မိုင် ၃၀ အကွာတွင် တည်ရှိသည်။ ရွာသူ၊ရွာသားဦးရေ ၃၀၀၀မျှရှိသော ကျေးရွာရှိ လက်ယက်တွင်း လေးတွင်း ရေခမ်းသွားသည့်အတွက် မြစ်ရေများကို စတင်သောက်သုံးကြရာမှ ဝမ်းရောဂါဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

## ရုရှားဒုံးကျည်များ ထပ်မံစမ်းသပ်

**မော်စကို အောက်တိုဘာ ၁၂**

ရုရှားနိုင်ငံသည် ရေငုပ်သင်္ဘောပေါ်မှ ဒုံးကျည်စမ်းသပ်ပစ်ခတ်ခဲ့ရာ အကွာအဝေး စံချိန်တင်နိုင်ကြောင်း ကြေညာပြီးသည့် နောက်တစ်နေ့တွင် တိုက်ချင်းပစ် ဘောလတစ်ဒုံးကျည်သုံးစင်းကို ထပ်မံစမ်းသပ် ပစ်လွှတ်ခဲ့သည်။

ထိုဒုံးကျည် ပစ်လွှတ်မှုကို စောင့်ကြည့်လျက်ရှိသော ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ရုရှားနိုင်ငံ၏ ဒုံးလက်နက်ကာကွယ်ရေးမှာ အင်အားတောင့်တင်းကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်ဟုဆိုသည်။

ထို့နောက် တတိယဒုံးကျည်ကို ရုရှားနိုင်ငံ အနောက်မြောက်ပိုင်း မြေပြင်မှ စမ်းသပ်ပစ်ခတ်ခြင်းကို မစ္စတာမက်ဗီဒက်ဗ်က ကြည့်ရှုပြီးနောက် အနာဂတ်ကာလတွင် ဆက်လက်စမ်းသပ်သွားမည်ဟုပြောကြားခဲ့သည်။

စနေနေ့ကဒုံးကျည်များကို စမ်းသပ်ပစ်ခတ်ခြင်းအား မက်ဗီဒက်ဗ်က လေယာဉ်တင် သင်္ဘောပေါ်မှနေ၍ စောင့်ကြည့်ခဲ့သည်။ ၎င်းဒုံးကျည်သည် ကီလိုမီတာ ၁၁၅၀၀ (၇၁၄၅ မိုင်) အထိ စံချိန်တင် အကွာအဝေးရောက်အောင် ပစ်နိုင်ခဲ့သည်ဟု ကရင်မလင်ကကြေညာခဲ့သည်။

***အင်တာနက်။***



**ရုရှား၏တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်မှုကိုစစ်ဆေးကြည့်ရှုရန် ဘားရင့်ပင်လယ်ရှိ လေယာဉ်တင်သင်္ဘောပေါ်သို့ ရောက်ရှိလာသော ရုရှား သမ္မတ ဒီမီထရီမက်ဗီဒက်ဗ်ကို အောက်တိုဘာ ၁၁ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## တရုတ်အနောက်တောင်ပိုင်း၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲ

**ချုန်ဒူ အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချီချုန်ပြည်နယ်၌ တနင်္ဂနွေနေ့က ကျောက်မီးသွေးမိုင်းတွင်း ပေါက်ကွဲမှုဖြစ်ရာ သေဆုံးသူသုံးဦး၏အလောင်းကို ကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိခဲ့သည်ဟု ဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

ယီဘင်မြို့ ဆင်ဖူကျောက်မီးသွေးမိုင်းတွင်း ပေါက်ကွဲမှုဖြစ်ချိန် နေ့လယ် ၁၂နာရီ မိနစ် ၅၀က မိုင်းတွင်း၌ အလုပ်သမား ၂၁ဦး အလုပ်လုပ်နေကြောင်း၊ ပေါက်ကွဲမှုကြောင့် ယခုချိန်အထိ ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။ မိုင်းလုပ်သား ၁၁ဦးမှာ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ပြီး ကယ်ဆယ်ရေးသမားများက ယခုချိန်ထိ ပျောက်ဆုံးနေသူ ခုနစ်ဦးကိုရှာဖွေလျက်ရှိသည်။ ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ထိုမိုင်းတွင်း၌ ကျောက်မီးသွေးတန် ၂၃၀ ကျော်ရှိပြီး ဓာတ်ငွေ့သိုက်ပမာဏ ကုဗမီတာ ၅၀၀၀ ရှိသည်ဟု ကနဦးခန့်မှန်းချက်တွင် ဖော်ပြထားသည်။ အဆိုပါမိုင်းတွင်း ပေါက်ကွဲရသည့် အကြောင်းအရင်းကို ယခုအချိန်ထိမသိရှိပေ။ ***အင်တာနက်။***



## လော့စ်အိန်ဂျလိစ်တောမီး ဧက ၅၀၀ ဝါးမျို

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၁၂**

အမေရိကန် ပြည်ထောင်စုတွင် တနင်္ဂနွေနေ့က ဧက ၅၀၀ခန့်တောမီး လောင်ရာ လော့စ်အိန်ဂျလိစ် မြောက်ပိုင်းရှိ သဘာဝဘေးမဲ့တောနှင့် လူနေအိမ်ရာပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိသည်ဟု အာဏာပိုင်များက ပြောကြားသည်။

လော့စ်အိန်ဂျလိစ်မြို့လယ်မှ မိုင် ၂၀ ခန့်အကွာအဝေးရှိ မြေမျက်နှာပြင်ကြမ်းတမ်းသောဒေသတွင် နံနက် ၂နာရီခန့်က စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူများကပြောကြားသည်။ လေးရာခန့်မျှသောမီးသတ်တပ်ဖွဲ့ဝင်များသည် ကောင်းကင်မီးသတ်အဖွဲ့များ၏အကူအညီဖြင့် အိန်ဂျလိစ်အမျိုးသား သစ်တော၌ ငြိမ်းသတ်လျက်ရှိကြောင်း လော့စ်အိန်ဂျလိစ်ခရိုင်မီးသတ်အရာရှိတစ်ဦးကပြောကြားသည်။

မီးတောက်ကြီးသည် ထိုဒေသရှိ အိမ်ပေါင်း ၄၅၀ကို ဝါးမျိုသွားပြီး အရှေ့မြောက်အရပ်သို့ ရွေ့လျားနေစဉ် အလွန်နက်သော ချောက်ကြီးနှစ်ခုမှ လူပေါင်း၁၂၀၀ကို ကယ်တင်ခဲ့ရကြောင်း အမေရိကန်သစ်တောဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

သဘာဝတိရစ္ဆာန်ဘေးမဲ့တောနှင့် ပြန်လည်ထူထောင်ရေး အထောက်အကူပြုပစ္စည်းများရှိသော တောရိုင်းတိရစ္ဆာန်စခန်း၏ တောင်ဘက်တွင် တောမီးလောင်နေခြင်း ဖြစ်သည်။ အမြတ်အစွန်း အဓိက မထားသော အဖွဲ့များက ခြင်္သေ့များ၊ ဝက်ဝံများနှင့် သမင်များပါသော တိရစ္ဆာန် ၄၀၀ကျော်ကို ကယ်တင်ရန်ကြိုးပမ်းလျက်ရှိသည်။ တောမီးသည် လမ်းကြောင်း ပြောင်းလဲသွားသည့်အတွက် တာဝန်ရှိသူများသည်တိရစ္ဆာန်များကို လှောင်အိမ်အတွင်းသို့ ထည့်၍ လွတ်ရာသို့သယ်ယူရန်ပြင်ဆင်လျက်ရှိသည်။ မီးလောင်ရခြင်း၏အကြောင်းရင်းကို သိရှိရန် စုံစမ်းစစ်ဆေးမှုစတင်လျက်ရှိသည်။ ***အင်တာနက်။***

**ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ**

## ဂျပန်၌ ရိုဘော့ စက်ရုပ်ပြပွဲကျင်းပ

**ယိုကိုဟားမား(ဂျပန်) အောက်တိုဘာ ၁၂**

ကမ္ဘာ့နည်းပညာ နယ်ပယ်တွင် ရှေ့တန်းမှပါဝင်နေသော ရိုဘော့စက်ရုပ်အမျိုးမျိုးကိုပြသသည့်စက်ရုပ်ပြပွဲကို ဂျပန်နိုင်ငံ၌ အောက်တိုဘာ ၁၁ ရက်မှစ၍ ပြသသည်။

ယင်းပြပွဲ၌ပြသထားသော စက်ရုပ်များတွင် လမ်းလျှောက်နိုင်သော အသေးစားစက်ရုပ်များမှသည် အကြီးစားစက်ရုပ်များအထိ ပုံစံအမျိုးမျိုးရှိသော စက်ရုပ်များပါဝင်သည်။ ယိုကိုဟားမားမြို့၌ ကျင်းပသောထိုပြပွဲ၏ အမည်ကို ရိုဘိုဂျပန် ၂၀၀၈ခုနှစ်ဟု အမည်ပေးထားသည်။

ဂျပန်နိုင်ငံ၏ အရုပ်လုပ်ငန်းကုမ္ပဏီမှထုတ်လုပ်သော ၃ဒသမ ၄ စင်တီမီတာအရွယ်ရှိ ရိုဘို-ကျူ စက်ရုပ်ကိုလည်း ပြသထားသည်။ ထို့ပြင်အနီအောက်ရောင်ခြည်အသုံးပြုကာအခက်အခဲအမျိုးမျိုးကို ကျော်လွှားနိုင်သည့်လူ့လက်မအရွယ်အစားရှိစက်ရုပ်ကိုလည်း ပြသထားသည်။

ပြပွဲတွင် ပြသထားသောကစားစရာ စက်ရုပ်အများအပြားကို အာရှ၊ ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် လာမည့်နွေဦးရာသီ၌ ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ ဟွန်ဒါမော်တာကုမ္ပဏီ၊ ဖူဂျစ်စုလီမိတက်၊ မစ်ဆူဘီရှီအပါအဝင် တက္ကသိုလ်နှင့် သုတေသနအဖွဲ့အစည်းပေါင်း ၄၃ ခုတို့မှ ဖန်တီးသော စက်ရုပ်ပေါင်း ၁၀၀ ကျော်ကို ပြပွဲလာပရိသတ်များ လေ့လာနိုင်ရန်တင်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ယခုနှစ်ကုန်တွင် ပြီးပြတ်နိုင်မည်မဟုတ်ဟုဆို

**ကိုင်ရို အောက်တိုဘာ ၁၂**

ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံတို့အကြား ငြိမ်းချမ်းရေးရရှိရေးကိစ္စမှာ ယခုနှစ်ကုန်တွင်ရရှိနိုင်စရာအကြောင်းမမြင်ကြောင်း အီဂျစ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနတ်ကူချနာက အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး အီဂျစ်သို့ ရောက်ရှိနေစဉ်အတွင်း အီဂျစ်နိုင်ငံသမ္မတ ဟော့စ်နီမူဘာရက်နှင့်လည်း စနေနေ့ အစောပိုင်းက တွေ့ဆုံခဲ့သည်။

ထို့နောက်ပိုင်းတွင် ကူချနာသည် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက် အဗ္ဗဒူလ်ဂိတ်နှင့်တွဲ၍ သတင်းစာ ရှင်းလင်းပွဲပြုလုပ်ရာ၌ အထက်ပါစကားများကို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း မီနာသတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် ကုလသမဂ္ဂ၊ ရုရှား၊ အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့တို့ ပူးပေါင်းကြိုးပမ်းနေသော အစ္စရေးနှင့်ပါလက်စတိုင်းတို့၏ ငြိမ်းချမ်းမှုရရှိရေးကိစ္စကို ပြင်သစ်အနေဖြင့် ဆက်လက်အားပေးထောက်ခံသွားမည် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ***အင်တာနက်။***

## သဘာဝဘေးအန္တရာယ်သတင်းများ

### တိဗက်၌ ငလျင်ဘေးဒဏ်ပြည်သူ ၆၀၀၀၀ကျော် ကြုံတွေ့ရ

**လာဆာ အောက်တိုဘာ ၁၂**

တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုသီတင်းပတ်အတွင်း ငလျင်လှုပ်မှုကြောင့် လူ ၁၀၀၀ခန့် တုန်လှုပ်ချောက်ချားခဲ့ရပြီး ပြည်သူ ၆၀၀၀၀ကျော် ငလျင်ဘေးနှင့်ကြုံတွေ့နေရကြောင်း စနေနေ့တွင် အစိုးရက ပြောကြားသည်။ တနင်္လာနေ့ကတည်းက လာဆာမြို့ ဒမ်မောင်းစီရင်စုတွင် ၅ဒသမ ၄အဆင့်ရှိ ငလျင်အပါအဝင် ၆ ဒသမ ၆အဆင့်ရှိ ငလျင်များ လှုပ်သွားခဲ့သည်။ ထိုငလျင်များကြောင့် လူ ၁၀၀၀ ကျော် တုန်လှုပ်ချောက်ချားခဲ့ရကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူက ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် ထိုဒေသမြို့တော်နေ ပြည်သူ ၆၀၀၀၀ကျော် ဘေးဒုက္ခနှင့် ကြုံတွေ့နေရပြီး အိမ်ခြေ ၉၈၉လုံး ပြိုကျပျက်စီးခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။**(အောက်ပုံ)** ငလျင်ဗဟို၏အပြင်ဘက်သို့ လူ ၄၈၀၀ ကျော်ကိုရွှေ့ပြောင်းနေရာချထားခဲ့သည်။ လာဆာ၊ဆီဂါဇီနှင့် ရှန်နင်းဒေသများ အပါအဝင် ငလျင်ဘေးနှင့် ရင်ဆိုင်ရသောဒေသများတွင် လမ်းအရှည် ၂၈ကီလိုမီတာနှင့် တံတား ၁၁ခုတို့ ပျက်စီးခဲ့ရသည်။ ထို့ပြင် လူ၁၀ဦး သေဆုံးပြီး ၅၄ဦးဒဏ်ရာရရှိကြောင်း သတင်းကဖော်ပြသည်။ ***အင်တာနက်။***



### မက္ကဆီကို၌ နော်ဘတ်ဟာရီကိန်း တိုက်ခတ်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၂**

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဘာဂျာကယ်လီဖိုးနီးယားကျွန်းဆွယ်၌ အောက်တိုဘာ ၁၁ရက်က နော်ဘတ်ဟာရီကိန်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲပြီးဒေသခံရာနှင့်ချီ၍ထွက်ပြေးခဲ့ရကြောင်း၊ အဆိုပါ ကျွန်းဆွယ်သို့ ပြင်းအားအဆင့်-၂ရှိ ဟာရီကိန်းသည် ညနေ ၄နာရီခွဲခန့်တွင် ကျရောက်ခဲ့ကြောင်း မက္ကဆီကို အမျိုးသားမိုးလေဝသဌာနက ဖော်ပြသည်။

ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးအဆက်မပြတ်ရွာသွန်းပြီး လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ သို့ မြင့်တက်လာခဲ့သည်။ အိမ်အချို့ရေလွှမ်းခံရပြီး ပြည်သူ ၂၈၀၀ကျော် ယာယီအဆောက်အအုံများတွင် ပြောင်းရွှေ့နေထိုင်ရသည်။ **(အောက်ပုံ)** အချို့ဒေသများတွင် ရွှံ့နွံများ ပြိုကျခြင်းနှင့် သစ်ပင်များလဲပြိုခြင်းတို့ကြောင့် လမ်းများ ပြတ်တောက်ခဲ့ရသည်။ ***အင်တာနက်။***



### ချေချင်းညာ၌ ငလျင်လှုပ်၊ ၁၃ ဦး သေဆုံး

**မော်စကို အောက်တိုဘာ ၁၂**

ရုရှားနိုင်ငံ မြောက်ဘက်ကော့ကေးဆပ်ပြည်နယ် ချေချင်းညာဒေသတွင် စနေနေ့က ငလျင်လှုပ်မှုကြောင့် ကလေးသုံးဦးအပါအဝင်အနည်းဆုံး ၁၃ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ချေချင်းညာဒေသတွင် မွန်းလွဲ ၁နာရီခန့်က ရစ်ချ်တာစကေး ၅ ဒသမ သုညအဆင့်ရှိ ငလျင်လှုပ်ခဲ့ပြီး အိမ်နီးချင်းဒေသများဖြစ်သည့် တာဂျစ္စတန်၊ အင်ဂူရှီတီးယား၊ မြောက်အော်ဆက်တီးယားနှင့် စတော့ဂိုပိုဒေသတို့ရှိအိမ်များ တုန်ခါသွားခဲ့သည်။ ငလျင်၏ဗဟိုသည် ချေချင်းညာဒေသ အရှေ့မြောက်ဘက် ရှယ်ကော့စတီးခရိုင် မြေအောက် အနက် ကီလိုမီတာ၁၀တွင်တည်ရှိကြောင်း အင်တာဖက်သတင်းဌာနကဖော်ပြသည်။

ထိုငလျင်ကြောင့်ချေချင်းညာဒေသသုံးခရိုင်မှပြည်သူ၅၂၀၀၀ခန့်သည် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့နေရသည်။ ***အင်တာနက်။***

# ပဋ္ဌာန်း ၂၄ ပစ္စည်းဆုတောင်း

ရတနာစည်ဆရာတော်(လှိုင်လင်)

## အဘိဓမ္မာအသံ

သီတင်းကျွတ်တော့မည် ဆိုလေတိုင်း မြို့နယ်အနှံ့၊ ဒေသအနှံ့ အဘိဓမ္မာဒေသနာ အသံမစဲရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပလေ့ရှိကြသည်မှာ မြန်မာနိုင်ငံသားတို့၏ သဒ္ဓါဗလ၊ ဝီရိယဗလ၊ သတိဗလ၊ သမာဓိဗလ၊ ပညာဗလဟူသော ဗလငါးသွယ်ပြည့်ကြွယ်ပုံကို ဖော်ညွှန်းသော အလားရှိဘိ၏။

မှန်ပါသည်။ မြတ်ဗုဒ္ဓသည် ခုနစ်ဝါမြောက်ဝါကို တာဝတိံသာနတ်ပြည်၌ ဝါဆိုဝါကပ်တော်မူလျက် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးထားကာ စကြဝဠာတိုက်တစ်သောင်းမှ တညီတညွတ်တည်း ရောက်ရှိလာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာဒေသနာတော်ကို ဝါတွင်းသုံးလတိုင်တိုင်ဟောကြားတော်မူခဲ့ရာ ယင်းဖြစ်စဉ်ဖြစ်ရပ်အပေါ် ယုံကြည်မြတ်နိုးကြသည့် မြန်မာနိုင်ငံသားရဟန်းရှင်လူတို့က ဝါတွင်းကာလရောက်လေတိုင်း အဘိဓမ္မာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ခဲ့ကြသဖြင့် အဘိဓမ္မာအသံသည် နဘံရိုက်ဟည်းခဲ့လေ၏။

## အခါတော်နေ့သတ်မှတ်ပုံ

မြတ်ဗုဒ္ဓသည် ဝါတွင်းသုံးလတာကာလပတ်လုံး အဘိဓမ္မာကို နေ့ရောညပါ အသံမစဲဟောကြားတော်မူခဲ့သဖြင့် အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်မည်ဆိုလျှင် မည်သည့်နေ့ရက်ကို သတ်မှတ်မည်နည်းဟူသော မေးခွန်းမျိုး ပေါ်ခဲ့ဖူး၏။

အဘိဓမ္မာဒေသနာ စတင်ဟောကြားတော်မူသည့် ဝါဆိုလပြည့်နေ့ကို သတ်မှတ်မည်လော။ အခြားလပြည့်နေ့များဖြစ်သည့် ဝါခေါင်လပြည့်၊ တော်သလင်းလပြည့် တစ်နေ့နေ့ကို သတ်မှတ်မည်လော။ သို့မဟုတ် ဟောကြားမှုပြီးဆုံးရာသီတင်းကျွတ်လပြည့်နေ့ကိုသတ်မှတ်ကြမည်လော။

စတင်ဟောကြားတော်မူရာ ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာဟောကြားသည့် အခါတော်နေ့နှင့် တိုက်ဆိုင်နေသောကြောင့် လည်းကောင်း၊ ဝါခေါင်လပြည့်နေ့သည် မေတ္တသုတ်တော် ဟောကြားသည့် မေတ္တာအခါတော်နေ့နှင့် တိုက်ဆိုင်နေသောကြောင့် လည်းကောင်း၊ တော်သတင်းလပြည့်နေ့သည် ဂရုဓမ္မဇာတ်တော် ဟောကြားသည့် ဂရုဓမ္မအခါတော်နေ့နှင့်တိုက်ဆိုင်နေသောကြောင့်လည်းကောင်း ဖော်ပြပါနေ့များကို အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ရန် မသင့်လျော်ဘဲ အဘိဓမ္မာတရားဟောကြားမှုပြီးဆုံးသည့် သီတင်းကျွတ်လပြည့်နေ့ကိုသာ အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ရန် ပိဋကတ်ပညာရှင်များအားလုံးက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်မှစ၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အဖြစ် တစ်နိုင်ငံလုံး ကျင်းပခဲ့ကြပါသည်။

## အစိန္တေယျတန်ခိုး

အဘိဓမ္မာဟောကြားတော်မူရာ ဒေသသည် နတ်ဒေသ၊ နတ်ပြည်ဖြစ်သလို၊ နာယူသူများသည် တန်ခိုးရှိသောနတ်များ၊ ဗြဟ္မာများဖြစ်နေခြင်းနှင့် နတ်တို့၏အချိန်နာရီသည် လူတို့ထက် အလွန်အကဲရှည်လျားနေခြင်းဟူသော မတူညီနိုင်သည့်အခြေအနေကို ဟောကြားသော လူသားပုဂ္ဂိုလ်မြတ်ဗုဒ္ဓက တူညီသည့်အနေအထားရောက်အောင် ရူပအစိန္တေယျတန်ခိုး၊ ဝါစာအစိန္တေယျတန်ခိုး၊ ဉာဏအစိန္တေယျတန်ခိုး၊ ဣဒ္ဓိအစိန္တေယျတန်ခိုးများ အသုံးပြုတော်ခဲ့ရသည်နှင့်အညီ ယင်း အဘိဓမ္မာဒေသနာတော်၌ အစိန္တေယျတန်ခိုးများနှင့်သိဒ္ဓိ၊ ဣဒ္ဓိများ လွှမ်းခြုံနေတော့သည်ဖြစ်ရာ အဘိဓမ္မာဒေသနာတော်သည် အလွန်တန်ခိုးကြီးမားကြောင်း ထင်ရှားနေပါတော့သည်။

## အဘိဓမ္မာအစွမ်း

လူ့ပြည်၌ နှစ်ပေါင်းတစ်ရာ ကုန်လွန်သွားချိန်သည် တာဝတိံသာနတ်ပြည်၌ တစ်ရက် ၂၄ နာရီဖြစ်၏။ ထို့ကြောင့် လူ့ပြည်၌ သုံးလသည် တာဝတိံသာနတ်ပြည်၌ ၁၀၈စက္ကန့် (နှစ်မိနစ်နီးပါး)မျှသာဖြစ်၏။

အဘိဓမ္မာဟောကြားသောပုဂ္ဂိုလ်မှာ လူသားမြတ်ဗုဒ္ဓဖြစ်၍ လူ့အချိန်အရ သုံးလကြာအောင် နေ့ညမပြတ် ဟောကြားရသော်လည်း နာယူကြရသောပုဂ္ဂိုလ်များမှာ နတ်များ၊ ဗြဟ္မာများဖြစ်၍ နတ်အချိန် (တာဝတိံသာနတ်အချိန်)အရ နှစ်မိနစ် နီးပါးမျှသာ နာကြားရပေရာ ယင်းနတ်အချိန် အချိန်တိုကာလလေးအတွင်း နတ်ဗြဟ္မာပေါင်း ကုဋေတစ်သောင်း ကျွတ်တမ်း ဝင်သွားရသည်အထိ အဘိဓမ္မာစွမ်းအားက ကြီးမားထက်မြက်လျက်ရှိသည်မှာ အံ့တစ်ပါးဖြစ်ပါ၏။

## ပဋ္ဌာန်းအစွမ်း

ယင်းအဘိဓမ္မာ (ခုနစ်ကျမ်း) အစွမ်းကို ထားပါဘိဦး၊ ပဋ္ဌာန်းကျမ်းတစ်ကျမ်းတည်း၏ ပင်ကိုစွမ်းရည်သည်ပင်လျှင် အံ့တစ်ပါး ဖြစ်ပါဘိ၏။ အဋ္ဌသာလိနီအဋ္ဌကထာ၌ မှတ်တမ်းတင်ထားသော သီဟိုဠ်အရှင်ဂမိယတိဿဒတ္တထေရ်အကြောင်းကို ရှုပါဘိ။

ထိုအရှင်သည် မဟာဗောဓိကို ဖူးမြော်လို၍ သီဟိုဠ်မှ အိန္ဒိယသို့ ရေလမ်းခရီး သင်္ဘောစီးကြွတော်မူစဉ် အိန္ဒိယသမုဒ္ဒရာကို ဖြတ်သန်းခိုက်ကမ်းမမြင်လမ်းမမြင် သမုဒ်ပြင်ကြီးကိုကြည့်၍ "ဤသမုဒ္ဒရာ ရေပြင်ကြီးထက် နည်းစုံပြွမ်းသော ပဋ္ဌာန်းကျမ်းကြီးက ပို၍ကျယ်ပြောပါဘိတကား" ဟု ဆင်ခြင်မိလေရာ ဓမ္မပီတိများ တဖွားဖွားတိုးပွားပြီး ထိုပီတိကိုခွာကာ ဝိပဿနာပွားများသော် တစ်ခဏချင်းအတွင်း ကိလေသာကင်း အရဟတ္တဖိုလ်ချဉ်းလျက် ရဟန္တာအဖြစ် ရောက်ရှိတော်မူခဲ့ပါသည်။

## အံ့မခန်းပဋ္ဌာန်း

ယင်းပဋ္ဌာန်းကျမ်းကြီးနှင့်စပ်လျဉ်း၍ အဘိဓမ္မာပညာရှင်များလေ့လာတွေ့ရှိချက်များအနက် အောက်ပါတစ်ချက်သည်ပင်လျှင် အံ့မခန်းဖြစ်လျက်ရှိ၏။

ပဋ္ဌာန်းကျမ်းသည် ယခုဆဋ္ဌမူကျမ်းစာအားဖြင့် အုပ်ရေငါးအုပ်ရှိ၏။ စာမျက်နှာ ၂၆၄၀ တိတိရှိ၏။ ဤသည်မှာ ပေယျာလ (မြှုပ်ကွက်)များ ထည့်သွင်းရိုက်နှိပ်မထားသောကြောင့်ဖြစ်၏။ အကယ်၍ ပေယျာလ အားလုံးဖော်ကာ စက်တင်ပုံနှိပ်မည်ဆိုပါလျှင် အုပ်ရေ အဘယ်မျှဟု ရေတွက်ရန် မတတ်နိုင်ဖြစ်ဘိ၏။

ဥပမာ အမေးနည်း၊ အဖြေနည်းဖြင့် ဟောထားသည့် ပုစ္ဆာတစ်ရပ်တည်းကိုပင် စာကြောင်းရေ ၃၀ ပါ စာမျက်နှာပေါင်း ၄၀၀ ကို တစ်အုပ်ထား၍ ရိုက်နှိပ်ပါလျှင် ပဋ္ဌာန်းပါဠိတော်အုပ်ရေ သုံးသန်းရိုက်နှိပ်ရမည်ဖြစ်၏။ ဤသည်မှာ အမေးတစ်ခုတည်းအတွက်သာဖြစ်၏။ အဖြေကိုပါ ရိုက်နှိပ်မည်ဆိုပါမူ အုပ်ပေါင်းဘယ်မျှဟု တွက်ချက်ရန် မလွယ်လွန်းလှပါလေ။ ထို့ကြောင့် "အနန္တနယ=နည်းပေါင်းအနန္တ"ဟု ပဋ္ဌာန်းကျမ်းကြီးအပေါ် တင်စားကြပါသည်။

ဤတွင် လောက၏ အကျယ်ဆုံးလေးရပ်ခေါ် သမုဒ္ဒရာလေးစင်းကို ဖော်ပြအပ်ပါ၏။

**၁။ သံသာရ သာဂရ= သံသရာသမုဒ်ပြင်ကျယ်**

**၂။ ဇလ သာဂရ= ရေသမုဒ်ပြင်ကျယ်**

**၃။ နယ သာဂရ= နည်းသမုဒ်ပြင်ကျယ်(ပဋ္ဌာန်းကျမ်း)**

**၄။ ဉာဏ သာဂရ= ဉာဏ်သမုဒ်ပြင်ကျယ်(သဗ္ဗညုတဉာဏ်တော်)**

## ၂၄ပစ္စည်းအစွမ်း

နည်းသမုဒ်ပြင်ကျယ်ဖြစ်သော ပဋ္ဌာန်းကျမ်းတစ်ကျမ်းလုံးကို ထားပါဘိ။ နည်းအစ ၂၄ပစ္စည်းဖြစ်သော ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသပါဠိမျှသည်ပင်လျှင် တန်ခိုးစွမ်းအား အလွန်ကြီးမားကြောင်း ကိုယ်တွေ့ပေါင်းများစွာ ကြားနာမဆုံး ရှိနေပါသည်။ ဘေးရန်အန္တရာယ်ကင်းခြင်း၊ အလိုဆန္ဒပြည့်ဝခြင်း၊ ဂုဏ်သတင်းကျော်စောခြင်း၊ စိတ်ချမ်းသာခြင်း စသော ကိုယ်တွေ့ရလဒ်များ ခံစားရရှိသူ လူရောရဟန်းပါ များစွာ ရှိနေကြပါပြီ။

ယင်းသို့သော အစဉ်အလာများကြောင့် လယ်တီဆရာတော်ဘုရားကြီး၏ တပည့် အဆက်ဆက်ရဟန်းတော်များသည် ရပ်သူရွာသား ဒကာ၊ ဒကာမများနှင့် သင့်လျော်အောင် အလွယ်တကူ ကျက်မှတ်နိုင်စေမည့် ၂၄ ပစ္စည်းဆုတောင်းကို ရေးသားဖြန့်ဝေခဲ့သဖြင့် ဤအရှင်တို့၏ ငယ်ဆရာတစ်ပါးဖြစ်သော လယ်တီဦးကောသလ္လထံမှ ယင်း ၂၄ပစ္စည်း ဆုတောင်းကို ရရှိခဲ့၍ နေ့စဉ် ဘုရားရှိခိုးပြီးတိုင်း ဆုတောင်းခဲ့ရပါသည်။ ငယ်စဉ်ကာလရှင်သာမဏေဘဝ၌ ဆရာ့အာဘော်အတိုင်းသာ ရွတ်ဆိုဆုတောင်းခဲ့ရသော်လည်း နောင်ကြီးပြင်းလာ၍ အဘိဓမ္မာကို သင်ယူလေ့လာရချိန်တွင်ကား ပဋ္ဌာန်းဆုတောင်းအပေါ် မိမိအာဘော်ကိုပါ ကမ္ပည်းထိုးနိုင်ခဲ့ပါပြီ။ ထိုအချိန်မှစ၍ နီးစပ်ရာသီတင်းသုံးဖော်များ၊ ဒကာဒကာမများထံ ဝေမျှပေးအပ်ခဲ့ရာ အားလုံးအတွက် အကျိုးရလဒ်ကောင်းများ ကောင်းစွာရရှိကြကြောင်း သိရှိခဲ့ရပါသည်။

၂၄ ပစ္စည်း ဆုတောင်းဆိုသည့်အတိုင်းပင် ၂၄ပစ္စည်း၏ အနက်အဓိပ္ပာယ်ကို မြန်မာဘာသာဖြင့် အနှစ်ချုပ်နားလည်နိုင်သလို နားလည်ထားသည့်အတိုင်း အကျိုးရလဒ်များ ထင်ရှားဖြစ်ထွန်းလာအောင် စီစဉ်ထားရကား ယင်း ၂၄ ပစ္စည်းဆုတောင်းဖြင့် ကောင်းကျိုးသုခများ ရရှိလာကြသည်မှာ မုချဧကန်ဖြစ်ပါ၏။ အလုပ်ကိစ္စတွေ အဘယ်မျှများပြားနေပါစေ ယုတ်စွအဆုံးတစ်ရက်တစ်ပစ္စည်း နှုတ်တက်ကျက်မှတ်ပါက ၂၄ရက်တွင် ၂၄ပစ္စည်းလုံး နှုတ်တက်ရရှိမည်ဖြစ်ပြီး ဆက်လက်၍ နေ့စဉ်ဘုရားဝတ်ပြုပြီးတိုင်း ပဋ္ဌာန်း ၂၄ပစ္စည်းဆုတောင်းကို ရွတ်ဆိုဆုပန်ပါလျှင် အမှန်ပင် ရုပ်ပိုင်းရောစိတ်ပိုင်းမှာပါ ကောင်းကျိုးတရားတွေ တိုးပွားလာပါမည်။

ဣတိဝုတ်ပါဠိတော်၌ မြတ်ဗုဒ္ဓ ညွှန်ပြတော်မူသည့်အတိုင်း ဆုတောင်းပတ္ထနာသည် တဏှာပတ္ထနာနှင့် ဆန္ဒပတ္ထနာဟု နှစ်မျိုးရှိသည့်အနက် ဆန္ဒပတ္ထနာ (ကုသိုလ်ဆန္ဒ)နှင့် ဆုတောင်းကြရပါမည်။ ဆုမတောင်းမီ ဘုရားရှိခိုးခြင်းစသည့် ကုသိုလ်ကံတစ်ခုခု ပြုပြီးမှသာ ဆုတောင်းကြရပါမည်။ ပဋ္ဌာန်း ၂၄ ပစ္စည်းသည် ဗဟုဝုစ် (အများဆိုင်) ဖြစ်သဖြင့် ဆန္ဒပတ္ထနာမည်ပါသည်။

သို့ဖြင့် ပဋ္ဌာန်း ၂၄ပစ္စည်းဆုတောင်းအပေါ် ယုံကြည်မြတ်နိုးသော သဒ္ဓါဗလကို အရင်းထားလျက် အဆက်မပြတ် ဆုတောင်းခြင်း ဝီရိယဗလ၊ မမေ့မလျော့ခြင်း သတိဗလ၊ တစိုက်မတ်မတ်တည်ခြင်း သမာဓိဗလ၊ အဓိပ္ပာယ်ကို ပို၍ပို၍ ထိုးထွင်းသိမြင်ခြင်း ပညာဗလ ဟူသည့် ဗလငါးမျိုး တိုးတက်တိုး ကောင်းကျိုးပြည့်ဝကြမည်ဖြစ်ပါသတည်း။

## ၂၄ ပစ္စည်းဆုတောင်း

| | | |
|---|---|---|
| ၁။ | ဟေတုပစ္စယော | = ကောင်းသောအကြောင်းတရား တိုးပွားကြရပါစေသော်။ |
| ၂။ | အာရမ္မဏပစ္စယော | = ကောင်းသောအာရုံ၊ အကောင်းဆုံးသော အာရုံတွေ့ကြုံကြရပါစေသော်။ |
| ၃။ | အဓိပတိပစ္စယော | = ဆန္ဒနှင့်ဇွဲစိတ်ဉာဏ်တွဲ ကြီးကဲဖြစ်ကြရပါစေသော်။ |
| ၄။ | အနန္တရပစ္စယော | = ကုသိုလ်၏ အခြားမဲ့မှာ ကုသိုလ်သာ ဖြစ်ကြရပါစေသော်။ |
| ၅။ | သမနန္တရပစ္စယော | = ကောင်းမှု၏ အခြားမဲ့မှာကောင်းမှုသာ ဖြစ်ကြရပါစေသော်။ |
| ၆။ | သဟဇာတပစ္စယော | = အတူတကွ ပူညကုသိုလ်တိုးစေသော်။ |
| ၇။ | အညမညပစ္စယော | = အချင်းချင်းရင်တွင်း မေတ္တာဖြိုးစေသော်။ |
| ၈။ | နိဿယပစ္စယော | = ရတနာသုံးလီ မှီတည်ကြရပါစေသော်။ |
| ၉။ | ဥပနိဿယပစ္စယော | = လောကုတ္တရာတိုးလီ မှီတည်ကြရပါစေသော်။ |
| ၁၀။ | ပုရေဇာတပစ္စယော | = ရှေ့ဖြစ်ကုသိုလ်နောက်ကို လွှမ်းခြုံပါစေသော်။ |
| ၁၁။ | ပစ္ဆာဇာတပစ္စယော | = နောက်ဖြစ်ကုသိုလ်ရှေ့ကို လွှမ်းခြုံပါစေသော်။ |
| ၁၂။ | အာသေဝနပစ္စယော | = ပါရမီအစုံစုံ အထုံမြဲကြရပါစေသော်။ |
| ၁၃။ | ကမ္မပစ္စယော | = ကောင်းသောကုသိုလ်ကံ မြဲမြံကြရပါစေသော်။ |
| ၁၄။ | ဝိပါကပစ္စယော | = ကောင်းသောအကျိုး ပွားတိုးကြရပါစေသော်။ |
| ၁၅။ | အာဟာရပစ္စယော | = စိတ်အာဟာရ ပြည့်ဝကြရပါစေသော်။ |
| ၁၆။ | ဣန္ဒြိယပစ္စယော | = စိတ်ကိုစိုးပိုင် စိတ်နိုင်ကြရပါစေသော်။ |
| ၁၇။ | ဈာနပစ္စယော | = မေတ္တာစျာန် ရှင်သန်ကြရပါစေသော်။ |
| ၁၈။ | မဂ္ဂပစ္စယော | = မဂ္ဂင်လမ်း လျှောက်လှမ်းကြရပါစေသော်။ |
| ၁၉။ | သမ္ပယုတ္တပစ္စယော | = သူတော်ကောင်းခေတ် ယှဉ်စပ်ကြရပါစေသော်။ |
| ၂၀။ | ဝိပ္ပယုတ္တပစ္စယော | = မကောင်းမှုများ ပယ်ရှားကြရပါစေသော်။ |
| ၂၁။ | အတ္ထိပစ္စယော | = ကောင်းရာသုဂတိ မြဲရှိကြရပါစေသော်။ |
| ၂၂။ | နတ္ထိပစ္စယော | = အပါယ်ဒုဂ္ဂတိ မရှိကြရပါစေသော်။ |
| ၂၃။ | ဝိဂတပစ္စယော | = ဆင်းရဲခြင်း ကင်းရှင်းကြရပါစေသော်။ |
| ၂၄။ | အဝိဂတပစ္စယော | = ချမ်းသာခြင်း မကင်းကြရပါစေသော်။ ။ |

၂၄ပစ္စည်း ဆုတောင်းဆိုသည့်အတိုင်းပင် ၂၄ပစ္စည်း၏ အနက်အဓိပ္ပာယ်ကို မြန်မာဘာသာဖြင့် အနှစ်ချုပ်နားလည်နိုင်သလို နားလည်ထားသည့်အတိုင်း အကျိုးရလဒ်များ ထင်ရှားဖြစ်ထွန်းလာအောင် စီစဉ်ထားရကား ယင်း ၂၄ပစ္စည်းဆုတောင်းဖြင့် ကောင်းကျိုးသုခများ ရရှိလာကြသည်မှာ မုချဧကန်ဖြစ်ပါ၏။ အလုပ်ကိစ္စတွေ အဘယ်မျှများပြားနေပါစေ ယုတ်စွအဆုံး တစ်ရက်တစ်ပစ္စည်း နှုတ်တက်ကျက်မှတ်ပါက ၂၄ရက်တွင် ၂၄ပစ္စည်းလုံး နှုတ်တက်ရရှိမည်ဖြစ်ပြီး ဆက်လက်၍ နေ့စဉ် ဘုရားဝတ်ပြုပြီးတိုင်း ပဋ္ဌာန်း ၂၄ ပစ္စည်း ဆုတောင်းကို ရွတ်ဆိုဆုပန်ပါလျှင် အမှန်ပင် ရုပ်ပိုင်းရောစိတ်ပိုင်းမှာပါ ကောင်းကျိုးတရားတွေ တိုးပွားလာပါမည်။

# ရေဖြူမြို့နယ် ညှင်းထွေးကျေးရွာ၌ မိုးစပါး စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲ ကျင်းပ

**ရန်ကုန်  အောက်တိုဘာ  ၁၃**

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ရေဖြူမြို့နယ်၊ ညှင်းထွေးကျေးရွာ၊ ကွင်းအမှတ် (၈၁) တောင်သူဦးအောင်လင်း၏ လယ်မြေ၌ကျင်းပသော မိုးစပါး စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထို့နောက်တိုင်းမှူးသည် ထားဝယ်မြို့၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (နှစ်ရှည်ပင်) သုတေသနနှင့် မျိုးပွားခြံ (၈)မိုင်ခြံခွဲ ရော်ဘာဧက ၅၀ စိုက်ခင်း၌ စိုက်ပျိုးထားရှိသော တစ်နှစ်သားအရွယ် ရော်ဘာပင်များအား ပုလဲ၊ တီဆူပါ၊ ပိုတက်ရှ် ဓာတ်မြေဩဇာများနှင့် သဘာဝဓာတ်မြေဩဇာများ ရောစပ်၍ အဝိုင်းရှင်း မြေဩဇာ ကျွေးခြင်း နည်းစနစ် (Circle Method) နှင့် ကွင်းပေါက်မြေဩဇာကျွေးခြင်းနည်းစနစ် (Pochet Method) တို့ဖြင့် ဓာတ်မြေဩဇာကျွေးခြင်းဆောင်ရွက်နေမှု၊ ရော်ဘာပင်တန်းများအကြားတွင် မြေဆီထိန်းပဲများနှင့် ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (တိုင်းပြန်/ဆက်)







# ပဲခူးတိုင်း(အရှေ့)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

ပဲခူးတိုင်း (အရှေ့) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်သည် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီတွင် တောင်ငူခရိုင်ရုံး၌ တောင်ငူခရိုင်နှင့် ပဲခူးခရိုင်တို့မှ ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်း (အရှေ့) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပဲခူးခရိုင်ဦးစီးအရာရှိ ဒေါ်လှလှနှင့် တောင်ငူခရိုင် ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်တို့က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် ခရိုင်အလိုက်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဝန်ကြီး၏ လမ်းညွှန်ချက်အရ ကျေးရွာ စာကြည့်တိုက်များအတွက် တိုင်းလုံးကျွတ် လှူဒါန်းပွဲဖြစ်မြောက်ရေး၊ ခရိုင်နှင့်မြို့နယ်များအလိုက် အလှူရှင် စာရင်းဇယားများကို အတည်ပြုပေးနိုင်ရန် ဒေသ အာဏာပိုင်များနှင့် ညှိနှိုင်း ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (တိုင်းပြန်/ဆက်)

# ခရမ်းနှင့် သုံးခွမြို့နယ် စည်ပင်လုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော်  အောက်တိုဘာ  ၁၃

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ခရမ်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးသို့ ရောက်ရှိပြီး အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်တို့က ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဆောင်ရွက်ပြီးသောလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ခရမ်းမြို့ရှိ ပြည်တော်သာ ရေစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးရေကန်အတွင်းသန့်ရှင်းရေးပြုလုပ်ပေးရေး၊ ကန်ရေကို အရည်အသွေးစစ်ဆေးပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး အမှုဆောင်အရာရှိ ဦးအောင်ဘွားနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းရင်တို့၏ ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယဝန်ကြီးက ရပ်ကွက်များရှိ ရေတွင်း၊ ရေကန်များမှ ရေများကို ရေအရည်အသွေး စဉ်ဆက်မပြတ် စစ်ဆေးပေးရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သုံးခွမြို့ရှိ ၃၁ ဧကရှိသည့် မြေသားရေလှောင်ကန်ကို လည်းကောင်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဂဝံခင်းမည့် ပေ ၉၁၀ ရှိသည့် သုံးခွ-နံ့ယော-ရေပေါ်ကန်ကျေးရွာချင်းဆက်လမ်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မော်လမြိုင် G.T.I/G.T.C အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

မော်လမြိုင် G.T.I/G.T.C ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပရန် စီစဉ်လျက်ရှိပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ပွဲဖြစ်မြောက်အောင်မြင်ရေးတွင် တက်ကြွစွာ ပါဝင်ပြီး ဆက်သွယ် လှူဒါန်းလိုပါက အောက်ပါ E.mail နှင့် တယ်လီဖုန်းတို့ဖြင့် တိုက်ရိုက် လှူဒါန်းနိုင်သည်။ E.mail-thura 76 @ cooltoad.com & khin mgkyi 66@ gmai. com၊ ကိုကျော်ကျော်ဦး (85C) 01-701 96၊ ကိုမောင်မောင် (85 MT) 09-5189830၊ ကိုရွှေဝင်း (86MP) 09 5169623/ 01-680226၊ ကိုစိုးမြင့်သိန်း (86 Mp) ဖုန်း-၀၅၆-၂၁၄၄၃၊ ကိုဝင်းထွန်းအောင်(86C) ဖုန်း-၀၉ ၅၁၁၆၀၅၆၊ ကိုခင်မောင်ကြည် (87 MP) ဖုန်း-၀၉ ၅၁၄၁ ၄၅၈၊ ကိုသူရ (87 MT) ဖုန်း-၀၉ ၅၁၇၇၂၆၄၊ ကိုထွန်းသူ (87 MT) ဖုန်း-၀၉ ၅၀၃၃၉၂၃၊ ကိုမိုးဆန်း (87EP) ဖုန်း-၀၉-၅၁၄၁၃၅၂၊ ကိုသက်လွင်ဦး (91 MT) ဖုန်း-၀၉ ၅၁၆ ၇၈၅၂၊ မသီဒါနှင်း (91 C) ဖုန်း-၀၉ ၅၀၂၆၄၁၁၊ ကိုအေးနိုင်(93MP) ဖုန်း-၀၉၅၁၇၈၁၃၂၊ ကိုညီညီထွန်း (93 MT) ဖုန်း-၀၉ ၅၁၇၈၁၃၂၊ ကိုကျင်ဟုတ် (96 EP)ဖုန်း-၀၉၉၀၃၂၀၃၂၊ မဇင်မာ (97C) ဖုန်း-၀၉ ၅၀၁၅၄၃၇ နှင့် ကိုထွန်းနိုင်ဦး (99 MP) ဖုန်း- ၀၁-၇၀၄၁၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ကမ္ဘာ့ဆရာများနေ့ အာစရိယပူဇော်ပွဲ ကျင်းပ

**ရန်ကုန်  အောက်တိုဘာ  ၁၃**

မြို့နယ်ပညာရေးမှူး၏ ဦးဆောင်မှုဖြင့် ဂျီအီးစီ(ပညာရေး) အငြိမ်းစား ဆရာ၊ ဆရာမများ၏ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပထမအကြိမ် သက်ကြီးအာစရိယပူဇော်ပွဲကို အောက်တိုဘာ ၅ ရက်က အမက-၂ မရမ်းကုန်း ကျောင်းခန်းမ၌ ကျင်းပရာ အသက် ၉၇ နှစ်ရှိ ဆရာကြီး ဦးအေးချမ်း အပါအဝင် ဆရာကြီး၊ ဆရာမကြီး ၃၁ ဦး တက်ရောက်ကြပြီး အသက် ၁၀၀ ပြည့် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးကျော်အား စုပေါင်းဂါရဝပြု ကန်တော့ကြသည်။

အဆိုပါအခမ်းအနား၌ မြို့နယ်ပညာရေးမှူးရုံးသို့ စုပေါင်း လှူဒါန်းသော ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ပရင်တာတစ်လုံးကို ဂျီအီးစီ ဒါရိုက်တာ ဥက္ကဋ္ဌ ဦးသန်းအေးက မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (ပညာရေး)

# အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ စံချိန်သစ်သုံးခုတင်

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၀၈ ခုနှစ် စတုတ္ထအကြိမ်မြောက် အသက် ၁၈ နှစ်အောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ အောက်တိုဘာ ၁၂ရက်(ဒုတိယနေ့)ပွဲစဉ်များအပြီးတွင်စံချိန်သစ်သုံးခုတင်ထားကြောင်း သိရသည်။ ပြည်နယ်နှင့်တိုင်း ယူ-၁၈ ပြိုင်ပွဲ၏ စံချိန်သစ်ရှင်များမှာ အမျိုးသား မီတာ ၄၀၀ ပြိုင်ပွဲတွင် သက်ဇော်ဝင်း (ပဲခူး) က ၂၀၀၇ ခုနှစ်က ဝေဖြိုးအောင် (ပဲခူး)၊ ၂၀၀၅ ခုနှစ်က ဇော်လွင်ထူး (မကွေး)တို့ တင်ထားသည့် ၅၃ ဒသမ ၄၀ စက္ကန့်ကို ၅၂ ဒသမ ၀၉ စက္ကန့်ဖြင့်လည်းကောင်း၊ အမျိုးသားမီတာ ၄×၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် မန္တလေးတိုင်းက ၂၀၀၆ ခုနှစ်က ရန်ကုန်တိုင်း တင်ထားသည့် ၄၆ ဒသမ ၈ စက္ကန့်ကို ၄၆ ဒသမ ၁ စက္ကန့် ဖြင့် လည်းကောင်း၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် နော်ရီရီသန့် (ကရင်)က ၂၀၀၆ ခုနှစ်က စုစုထား (မကွေး) တင်ထားသည့် ၉ ဒသမ ၆၇ မီတာကို ၁၀ ဒသမ ၀၂ မီတာဖြင့် လည်းကောင်း စံချိန်ချိုးခဲ့ခြင်း ဖြစ်သည်။




**အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်များ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။** (ကြေးမုံ)

ဒုတိယနေ့ပွဲစဉ်များတွင် မီတာ ၁၀၀၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀၀၀ လမ်းလျှောက်၊ သံလုံးပစ်၊ သုံးဆင့်ခုန်၊ သံပြားဝိုင်းပစ်၊ မီတာ ၄၀၀ တန်းကျော် ပြေးပြိုင်ပွဲနှင့် မီတာ ၄၀၀×၄ လက်ဆင့်ကမ်းပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။ မီတာ ၁၀၀ အမျိုးသားပြိုင်ပွဲတွင် မျိုးကိုကိုဇော် (မန္တလေး)၊ အမျိုးသမီးပြိုင်ပွဲတွင် နန်းအေးမိစံ (ပဲခူး)၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် နော်ရီရီသန့် (ကရင်)နှင့်အမျိုးသားမီတာ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရဲမင်းအေး (မန္တလေး)တို့က အနိုင်ရ ဗိုလ်စွဲသွားကြသည်။ ပြိုင်ပွဲများကို အောက်တို ဘာ ၁၃ ရက် နံနက် ၇ နာရီတွင် ဆက်လက်ကျင်းပသည်။ (ကြေးမုံ)

# မြန်မာနိုင်ငံဆရာဝန်အသင်း ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ သဘာဝ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းသုံးသပ် ဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁နာရီတွင်ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမ(အေ)၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးကျော်မြင့်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဦးမြင့်သောင်းက မြန်မာနိုင်ငံ ဆရာဝန်အသင်း လေဘေးကယ်ဆယ်ရေး လုပ်ငန်းကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးတင်ပြသည်။

ယင်းနောက်လေဘေးကယ်ဆယ်ရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ကြသူများနှင့် စီမံချက်တာဝန်ခံများက လေဘေးကယ်ဆယ်ရေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။ (သတင်းစဉ်)

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လမ်းဘေးဗုံးထောင် ဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အများအပြား သေဆုံးဒဏ်ရာရရှိခဲ့ရသောအခါ အီရတ်ပြည်သူများ အာသာငမ်းငမ်းတမ်းတခဲ့ရသည့် အေးချမ်းသာယာသော ပုံမှန်ဘဝကို ပြန်လည်ရရှိရေးဟူသည့် မျှော်လင့်ချက်အိပ်မက်မှာလည်း မဆုံးနိုင်သော အကြမ်းဖက်မှု သံသရာအောက်တွင် လွင့်ပြယ်ပျောက်ပျက်ခဲ့ရပြန်လေသည်။

# ဒဏ်ရာအထပ်ထပ်နှင့် အီရတ်၏ ပစ္စုပ္ပန်



ဘဂ္ဂဒက်ကောင်းကင်ယံမှ အမေရိကန် စစ်ရဟတ်ယာဉ်။

အဗ္ဗဒူလာလေး သူ့အိမ်သို့ ပြန်ရောက်လာသည့်တိုင်အောင် အီရတ်သည် ပုံမှန်အခြေအနေသို့ ပြန်ရောက်နိုင်လိမ့်ဦးမည်မဟုတ်ဟု ကျွန်တော်ထင်သည်။

နောက်ဆုံးအကြိမ်သူ့ကို ကျွန်တော်တွေ့ခဲ့စဉ်က သူသည် လေးနှစ်အရွယ် ပီဘိကလေးငယ်တစ်ဦးသာ ဖြစ်သည်။ ထိုစဉ်က ပန်းများပွင့်ဝေနေသော၊ကောင်းစွာ ရေလောင်းပေါင်းသင်ပြုစုထားသည့် မြက်ခင်းငယ်တစ်ခုလည်းရှိသော ဥယျာဉ်သာလေးအတွင်းရှိ ကွန်ကရစ်လမ်းမြောင်လေးပေါ်၀ယ် အထိန်းဘီးတပ် ကလေးစီး စက်ဘီးကလေးကို ခေါက်တုံ့ခေါက်ပြန် စီးနေသည့် အဗ္ဗဒူလာလေးကို ကျွန်တော်က လက်ပြနှုတ်ဆက်လိုက်သောအခါ သူကလည်း ရယ်မောပျော်ရွှင်စွာဖြင့် လက်ဝှေ့ယမ်း၍ တုံ့ပြန်နှုတ်ဆက်ခဲ့သည်။

သုံးနှစ်မျှ ကြာခဲ့ပြီးသည့်နောက်တွင်ကား ဤနေရာ၌ အစွန်းရောက် အကြမ်းဖက်တိုက်ခိုက်မှုများ စတင် ဖြစ်ပွားနေလေပြီ။ ပေါက်ကွဲမှုများ၊ ပစ်ခတ်မှုများမှာ ဤနေရာ၏ ဖြစ်ရိုးဖြစ်စဉ်များအဖြစ်ဖြင့် တစ်စတစ်စ တိုးတက်များပြားလာခဲ့သည်။

သို့နှင့် အဗ္ဗဒူလာ၏ မိဘများက ဤနေရာကို စွန့်ခွာသွားရန် ဆုံးဖြတ်လိုက်ကြသည်။ နောက်တော့ သူတို့မိသားစု ဂျော်ဒန်သို့ ပြောင်းရွှေ့သွားကြကြောင်း၊ အဗ္ဗဒူလာလေးသည်လည်း အိမ်လွမ်းနာကျနေရှာကြောင်းကိုသာ ကြားလိုက်ရသည်။

ယခုအခါတွင်မူ ဘဂ္ဂဒက်၌ အကြမ်းဖက်တိုက်ခိုက်မှုများ လျော့ကျသွားပြီဟု ဆိုနေကြသည်။ သို့ရာတွင် ပုံမှန်အခြေအနေဆီသို့ ပြန်ရောက်နေပြီဟု ဆိုနိုင်သည့်နေရာဟူ၍ ဘဂ္ဂဒက်တွင် ဖျာတစ်ချပ်စာပင် မရှိသေး။ လမ်းများပေါ်တွင် ကျင်းများ၊ ချိုင့်များဖြင့် ပြည့်နှက်နေသည်။ နေရာများစွာ၌ ရပ်တန့်စစ်ဆေးမှုများကြောင့် ယာဉ်ကြောများပိတ်ဆို့နေကြသည်။

စစ်သားများက ကားများကိုတား၍ လက်ကမ်းစာစောင်များဝေနေကြသည်။ ယာဉ်မောင်းများမိမိတို့၏ ယာဉ်များကိုမထွက်ခွာမီ သေချာစွာ စစ်ဆေးကြရန် စာစောင်များဖြန့်ဝေ၍ နှိုးဆော်နေကြရခြင်းဖြစ်သည်။ သံလိုက်ပါသော ဗုံးများကို ကား၏ ကိုယ်ထည်တွင် လွယ်ကူလျင်မြန်စွာ ကပ်ပေးလိုက်နိုင်ခြင်းကြောင့် ဖြစ်သည်။

အရေးပါသော အဆောက်အအုံတိုင်းလိုလို၏ ပတ်ပတ်လည်တွင် ပေါက်ကွဲမှုဒဏ်ခံနိုင်သည့် ကွန်ကရစ်တံတိုင်းများဖြင့် ကာရံထားရဆဲ။ သဲအိတ်များ ဝန်းရံထားသော စက်သေနတ် ပစ်ခတ်သည့်နေရာများစွာကိုလည်း ချထားနေရဆဲ။ လူနေရပ်ကွက်များကိုလည်း ကွန်ကရစ်တုံးများ၊ သံချေးတက်နေသည့် သံဆူးကြိုးခွေများ၊ အင်္ဂတေများ လောင်းထည့်ထားသည့် စည်ပိုင်းများ၊ ထက်ပိုင်းပြတ် စွန်ပလွံပင်တုံးများ၊ အစောင့်အကြပ် အစစ်အဆေးများ ထူထပ်များပြားစွာချထား၍ ကာကွယ်ပေးနေရဆဲဖြစ်သည်။

## လမ်းဘေးဗုံးများ

တစ်နေ့ ကျွန်တော်တို့သတင်းအဖွဲ့၏ကားကို ရဲသားနှစ်ဦးက လက်ခါပြကာနှင်ထုတ်သည်။တစ်ဆက်တည်းမှာပင် မြင်မြင်သမျှ လူအားလုံးမှာလည်း နောက်ပြန်လှည့်ကာ လာရာလမ်းဆီလှည့်ပြန်ကြသည်။ လမ်းကိုလည်း ရဲများက အတားအဆီးများဖြင့် ပိတ်ထားကြသည်။

ထိုနေရာတွင် ကျွန်တော်တို့ မရောက်မီကလေးကပင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ လူနှစ်ယောက် သေသွားပြီး ကားနှစ်စီးမှာလည်း ပျက်စီးသွားသည်။ ကားများ၏စက်ဖုံးများမှာ ကော့ပြန်ကြေမွ ရှုံ့တွလျက်၊ တာယာဘီးများမှာ ပေါက်ကွဲလျက်၊ ဗုံးဒဏ်ခံလိုက်ရသော ကားတံခါးများမှာလည်း ပိန်လျက်၊ ချိုင့်ခွက်လျက်။

ဈေးဆိုင်ရှင်များက ၎င်းတို့ဆိုင်ရှေ့မှ မှန်ကွဲစများကို လှည်းကျင်းနေကြသည်။ လူတစ်ဦးမှာ အထိတ်အလန့်မပြေသေး။

**"ဒါ ကျုပ်တို့ဖို့ သူတို့ယူလာတယ်ဆိုတဲ့ လွတ်လပ်မှုဆိုတာလားကွ"**ဟု အမေရိကန်များကိုရည်ရွယ်ကာ ဒေါသတကြီး အော်ဟစ်မေးခွန်းထုတ်သည်။ ထို့ပြင် လူမျိုးတူ၊ ဘာသာတူချင်း ဗုံးခွဲတိုက်ခိုက် သတ်ဖြတ်သူများကိုလည်း ရေရွတ်ကျိန်ဆဲနေသည်။


အီရတ်ပြည်သူများ ရင်ဆိုင်နေရသည့် အထိတ်တလန့်ဘဝ။

နောက်တစ်နေ့တွင် ဗုံးနှစ်လုံး ပေါက်ကွဲပြန်သည်။ တစ်လုံးက ကားရပ်နားနေရာရှိ ကားတစ်စီးအတွင်းမှ ပေါက်ကွဲခြင်းဖြစ်ပြီး နောက်တစ်လုံးမှာ လမ်းဘေးမှ ပေါက်ကွဲခြင်းဖြစ်သည်။ စုစုပေါင်း ၁၆ယောက်သေဆုံးပြီး ၅၀ကျော်ဒဏ်ရာရရှိကြရာ အများစုမှာ ဈေးဝယ်ထွက်ကြသူများသာ။ သို့ရာတွင်ဤကိစ္စသည် သတင်းများတွင် ပါမလာ။ ဘဂ္ဂဒက်၏ ပစ္စုပ္ပန်သည် အကောင်းလား၊ အဆိုးလားဆိုသည်ကို နှုတ်ဆိတ်နေကြသည်။

## ဘဂ္ဂဒက်၏ ပစ္စုပ္ပန်

ဘဂ္ဂဒက်မှာ အခြေအနေကောင်းများရနေပါပြီ။ သို့သော်လည်း မုန်တိုင်းဗဟိုချက်၏ တည်ငြိမ်မှုမျိုးဖြစ်သည်။ ဟာရီကိန်းမုန်တိုင်းများကို ဂြိုဟ်တုမှ ရိုက်ယူထားသည့် ဓာတ်ပုံများတွင်တွေ့ရသည့် မုန်တိုင်းမျက်စိခေါ် မုန်တိုင်း၏ဗဟိုချက် သဖွယ်ပင်ဖြစ်သည်။ ဒုတိယအဆင့်တွင် ဟာရီကိန်းသည် ရှိရှိသမျှ အရာအားလုံးကိုဖျက်ဆီးတော့သည်။

ထောင်ပေါင်းများစွာသောပြည်သူတို့မှာ အထိတ်ထိတ် အလန့်လန့်နေကြရသည်။ အိမ်မှာနေရင်းဖြင့်ပင် မီးလောင်မလား၊ ဗုံးကွဲမလား၊ သေနတ်ပစ် ခံရမလား စသည်ဖြင့် စိုးရိမ်ကြောက်ရွံ့နေကြရသည်။

မိတ်ဆွေတစ်ယောက်ကပြောပြသည့် သူ့ဦးလေးအကြောင်းမှာ ဤသို့ဖြစ်သည်။ သေနတ်များ ကိုင်ထားသည့် လူတစ်စု သူ့အိမ်ထဲသို့ဝင်လာသည်။ ပြီးတော့သူ့ကိုလည်း အမြန်ဆုံးထွက်ခွာသွားဖို့ သတိပေး မောင်းထုတ်လိုက်ကြသည်။ အိမ်မှာရှိသမျှတို့ကို လုယက်ယူငင်ပြီးသောအခါ မီးတင်ရှို့ လိုက်ကြသည်ဟုဆိုသည်။

ဤသည်မှာ အမေရိကန်တပ်ဖွဲ့များဝင်လာပြီး နောက်ရရှိလာခဲ့သော အခြေအနေ၊ တည်ငြိမ်အေးချမ်းမှု မဆိုထားနှင့် သောကနှင့် ဒေါသတို့ကို မပယ်ရှားနိုင်သေးသည့် အခြေအနေဟုပင်ဆိုရမည်ဖြစ်သည်။

ဒီကြားထဲမှာမှ နောက်ထပ်အန္တရာယ်အသစ်က ထပ်မံပေါ်ပေါက်လာပြန်သည်။ နောက်ကွယ်မှ အယ်လ်ခိုင်ဒါတို့က ထောက်ပံ့ထားသော တိုက်ခိုက်ရေးသမားများက အီရတ်နိုင်ငံအတွင်း အုံကြွလာခဲ့ခြင်းပင်ဖြစ်သည်။ သူတို့ကအင်အား ၂၀၀၀၀ခန့်ရှိသော သူတို့လူများကို အီရတ်လက်နက်ကိုင်တပ်ဖွဲ့များအတွင်း စိမ့်ဝင်မြုပ်နှံထားနိုင်ရန် လုံးပန်းနေကြသည်။

## နိုင်ငံရေးဆယ်ကျော်သက်များ

မိုးတိမ်များတွင် ငွေရောင်အနားသပ်များ ရှိတတ်သကဲ့သို့ပင် ပြည်သူများအတွင်း မိမိကိုယ်မိမိ ယုံကြည်မှုများပိုမိုတိုးပွားလာခြင်းမှာလည်း အဆိုးထဲမှ အကောင်းပင်ဖြစ်သည်။သူတို့၏ဆိုင်များတွင် နောက်ဆုံးပေါ်တီဗွီများ၊ ဂြိုဟ်တုစလောင်းများ၊ ဒီဗွီဒီပြစက်များ၊ လေအေးပေးစက်များ၊ မီးစက်များကို ဆိုင်တင်ခင်းကျင်း ရောင်းချနေကြသည်။ ဘဂ္ဂဒက်တွင် ပင်မဓာတ်အားပေးစနစ်မရှိတော့သည်မှာ ကာလအတန်ကြာခဲ့ပြီ။

အိမ်တွင်းအောင်းခဲ့ရသည့် မိသားစုများမှာ အပြင်ထွက် လည်ကြပတ်ကြပြီ။ မြစ်ကမ်းနံဘေးမှာလည်း လမ်းလျှောက် ထွက်ကြပြီ။ ပြဇာတ်ရုံသို့သွား၍လည်း ပြဇာတ် ကြည့်ကြပြီ။ သူတို့ကြည့်ကြသည့် ပြဇာတ်မှာ လွန်ခဲ့သည့် ငါးနှစ်ခန့်ကာလပတ်လုံး အီရတ်တွင် ရုံပြည့်ရုံလျှံ အောင်ပွဲခံခဲ့သည့် အသောဇာတ်ဖြစ်သည်။

ပြဇာတ်ထဲမှ ဇာတ်ဝင်ခန်းတစ်ခန်းတွင် အီရတ်ပါလီမန်အမတ်များ လွှတ်တော်တက်နေကြသည်။ ဇာတ်ခုံနောက်မှ အော်သံတစ်ခုထွက်လာသည်။

**"လစာထုတ်ဖို့ အချိန်ကျပြီ"**

ထိုအခါ အမတ်ကြီးများ ကသောကမျောထကြသည်။ စည်းဝေးလက်စများကို ပစ်ထားခဲ့ကြသည်။

ပြဇာတ်ဒါရိုက်တာဟိုင်ဒါမူနာသာက **"ကျွန်တော်တို့ဆီက နိုင်ငံရေးသမားတွေက နိုင်ငံရေးဆယ်ကျော်သက်တွေဗျ။ လစာသာများများ ယူတတ်ကြတာ၊ ဘာမှ အောင်မြင်အောင် မလုပ်နိုင်ဘူး"**ဟု ကျွန်တော့်ကို ပြောပြသည်။

ယခုအချိန်မှာတော့ တစ်ခါက အဗ္ဗဒူလာပျော်ရွှင်စွာ ဆော့ကစားခဲ့သည့် ဥယျာဉ်သာကလေးမှာ ပရိဘောဂများ၊ အိမ်တံခါးများ စသည့် အဟောင်းအနွမ်း၊ အကျိုးအပဲ့၊ အစုတ်အပြတ်များ စွန့်ပစ်စုပုံရာ လေးဖက်လေးတန် သံဆူးကြိုး ကာရံထားသည့် နေရာကလေးဖြစ်နေရရှာပြီ။ ထိုနေရာလေးမှာပင် အဗ္ဗဒူလာ စီးခဲ့ဖူးသည့် စက်ဘီးကလေးမှာ ဖုန်အလိမ်းလိမ်းတက်၍ ပိုင်ရှင်မဲ့စွာ ရှိနေသေးသည်။

အမေရိကန်ဘလက်ဟော့ခ် ဟယ်လီကော့ပ်တာတစ်စင်း မြည်ဟိန်းသံပေး၍ ဖြတ်ကျော်ပျံသန်းသွားချိန်တွင် ကြောင်ကလေးတစ်ကောင် တိုက်အရိပ်ထဲသို့ ပြေးဝင်သွားသည်။ ရဟတ်ယာဉ်ပေါ်မှ စက်သေနတ်သမားများက အဆောက်အအုံများဆီမှ ပွင့်နေသော ပြတင်းပေါက်များနှင့် အောက်ဘက်မှ လမ်းများဆီ စူးစူးစိုက်စိုက် စေ့စေ့စပ်စပ် လိုက်ကြည့်နေကြလေသည်။ ။

11. Oct. 2008-BBC.

Painfully slow progress in Iraq ကို ပြန်ဆိုပါသည်။

ဘာသာပြန် သတင်းဆောင်းပါး - (နိုင်ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၀-၂၀၀၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်း သာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်၏ဥပါတသန္တိပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) (ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကရေမဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသဟောကြားတော်မူအပ်သော "အဘိဓမ္မာသိစရာတရားတော်"
၈း၁၀ ၅။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ခေတ်အကြိုက်တေးသီချင်းများ) အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)
၈း၃၀ ၆။ International News.
၈း၄၀ ၇။ Islands of Dhamma.
၈း၄၅ ၈။ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကရေမဓမ္မဘဏ္ဍာဂါရိက) တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အမှတ် (၃) အခြေခံပညာဦးစီးဌာန သတ္တမအကြိမ် ပဌာန်းဒေသနာရွတ်ဆိုပူဇော်ပွဲ (ပထမဆု) (အ. ထ. က-၁၊ ဒဂုံ)
၄း၄၀ ၃။ ဝါကျွတ်တေးများ
၄း၅၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၅။ ဆိုကြမယ်၊ ပျော်ကြမယ်
၅း၄၀ ၆။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) အခြေခံပညာ ၁၅-၂၁နှစ်အဆင့် (အမျိုးသား)
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၃၀ ၈။ မိုးလေဝသအခြေအနေ
၆း၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၀။ သုတစုံလင်ရွှေဥဒေါင်းရှင်
၇း၂၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်"(အပိုင်း-၁၈)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၁၈)**
၁၆။ သီတဂူဆရာတော်ကြီး၏ အဘိဓမ္မာအခါတော်နေ့ တရားတော်
၁၇။ မင်းကွန်းဆရာတော်ဦးဝိစိတ္တ သာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
၁၈။ အစီအစဉ်ပြီး၏။


အောက်တိုဘာ ၁ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်မြင့်ဆွေ မြစ်ကြီးနား ဆွမ်ပရာဘွမ်လမ်းနှင့် ဝိုင်းမော်မြို့ သွားသည့် လမ်းဆုံ စည်းလုံးခြင်းရုပ်တုအနီး လမ်းဘေးကပ်တုံးများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

**○ ကျောဖုံးမှ**

၂။ ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရောက်ရှိသော နို့မှုန့်နှင့် နို့ထွက်ပစ္စည်း အစားအသောက်များတွင် မယ်လမင်းပါဝင်မှု ရှိမရှိကို သက်ဆိုင်ရာက ဆက်လက်စမ်းသပ်စစ်ဆေးခဲ့ရာ နို့မှုန့်အမျိုးအစား(၈၇)မျိုးတွင် နို့မှုန့်အမျိုးအစား(၇)မျိုးမှာ မယ်လမင်းပါဝင်ကြောင်း ထပ်မံစစ်ဆေးတွေ့ရှိရသည်။ အဆိုပါမယ်လမင်းပါဝင်ကြောင်း ထပ်မံတွေ့ရှိရသော နို့မှုန့်အမျိုးအစားများမှာ-

(က) Full Cream Milk Powder-Golden River
(ခ) Calcium Milk Powder-Butterfly
(ဂ) Full Cream Milk Powder-Yu-Li
(ဃ) Sweet Whey Powder
(င) Non-Dairy Creamer (Korea)
(စ) Non-Dairy Creamer (China)
(ဆ) ElfalacA+ တို့ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါ ပြည်သူများ စားသုံးရန် မသင့်သော မယ်လမင်းပါဝင်သည့် နို့မှုန့်များကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းတွင် ပြန်လည်ပြုပြင် ထုပ်ပိုးရောင်းချခြင်း၊ အဆိုပါ နို့မှုန့်များကို အသုံးပြုပြီး စားသောက်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချခြင်းများကို ပိတ်ပင်တားမြစ်လိုက်သည်။

၄။ ဆက်လက်၍လည်း နို့မှုန့်နှင့် နို့ထွက်ပစ္စည်း အစားအသောက်များတွင် မယ်လမင်းပါဝင်မှု ရှိမရှိကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့က ဆက်လက်စမ်းသပ်စစ်ဆေးလျက်ရှိရာ စစ်ဆေးတွေ့ရှိချက်များကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ထုတ်ပြန်သွားရန် ဖြစ်ပါသည်။

**အမိန့်အရ**
**(ပုံ) သန့်ရှင်း**
**(ဗိုလ်မှူးကြီး)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့**

**❁ မျိုးချစ်စိတ်ဓာတ်မှ**

အခါ အနုပညာနယ်ပယ်၌ နာမည်တစ်လုံးဖြင့် အရည်အသွေးပြည့်ပြီး အရည်အချင်းမြင့်မားစွာဖြင့် အောင်မြင်မှုများ ရရှိနေကြသည်ကို ကြားသိမြင်တွေ့နေရသည့်အခါ စာရေးသူအနေဖြင့် မုဒိတာပွားမိသည်။

တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲကြီးကိုလည်း တစ်မူထူးခြားစွာဖြင့် နှစ်စဉ်ပြိုင်ပွဲအမျိုးအစားများကို တိုးမြှင့်ယှဉ်ပြိုင်စေခဲ့ရာတွင် တိမ်မြုပ် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ဂီတအမျိုးအစားများဖြစ်သည့် မယ်ဒလင်၊ မြန်မာဂီတာ၊ ဒုံမင်း၊ ကွက်စိပ်ပြိုင်ပွဲများကိုလည်း ပြန်လည်ဖော်ထုတ်ကာ ပြိုင်ပွဲကျင်းပပေးနေခဲ့သည့်အပြင် ယခုနှစ်တွင်လည်း မျိုးချစ်စိတ်ဓာတ်များ အမြဲမပြတ် ရှင်သန်ထက်မြက်နေစေရန်အတွက် ရည်ရွယ်၍ ခေတ်အကြိုက်တေးသီချင်း ကဏ္ဍပြိုင်ပွဲတစ်ရပ်ကိုလည်း တိုးချဲ့ယှဉ်ပြိုင်နိုင်စေရန်စီမံထားခဲ့ရာ ပြည်နယ်နှင့်တိုင်းများမှ ဝါသနာရှင်ပြိုင်ပွဲဝင်များ များစွာစာရင်းပေးထားကြသည်ကို ကြားသိရခြင်းမှာ ဝမ်းမြောက်ဖွယ်ရာ အောင်မြင်မှုတစ်ရပ်ပင် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်သို့ ပြောင်းရွှေ့ကျင်းပလာခဲ့သည်မှာ တတိယမြောက်နှစ်သို့ပင် တိုင်ခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင်လည်း ပြိုင်ပွဲကြီး၏ ကြိုဆို နှုတ်ဆက်ပွဲ အခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၅ရက်တွင်လည်းကောင်း၊ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်မြို့တော် ခန်းမ၌ အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းတွင်လည်းကောင်း စည်ကား သိုက်မြိုက် ခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားများကိုလည်း နေပြည်တော်မြို့တော်ခန်းမကြီး၌ပင် အောက်တိုဘာ ၂၉ရက်တွင် အသီးသီး ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲများ ကျင်းပသွားမည့်နေရာများမှာ အဆိုပြိုင်ပွဲ၏ မဟာဂီတ၊ ခေတ်ဟောင်း၊ ကာလပေါ် ပြိုင်ပွဲများကို စိုက်ပျိုးရေးတက္ကသိုလ်(စုဝေးခန်းမ)၌ လည်းကောင်း၊ အကပြိုင်ပွဲ၏ အကပြိုင်ပွဲ၊ ဇာတ်တော်ကြီးပြိုင်ပွဲ။ ရုပ်သေး(ဝါသနာရှင်ဒုတိယတန်းအဆင့်)ပြိုင်ပွဲ၊ကွက်စိပ်ပြိုင်ပွဲနှင့်ပြဇာတ်ပြိုင်ပွဲများကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၌ လည်းကောင်း၊ အရေးပြိုင်ပွဲ၏တေးသီချင်းစာသားရေးလေ့ကျင့်အရေးသီချင်းပြိုင်ပွဲ၊ ခေတ်အကြိုက်တေးသီချင်းပြိုင်ပွဲ၊ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို အမှတ်(၇) တည်းခိုရေးစခန်းသင်တန်းခန်းမဆောင်၌လည်းကောင်း၊အတီးပြိုင်ပွဲ၏စန္ဒရားပြိုင်ပွဲ၊ မယ်ဒလင်ပြိုင်ပွဲနှင့်တယော ပြိုင်ပွဲများကို သစ်တောသုတေသနခန်းမ၌လည်းကောင်း၊ ဂီတာ၊ ပတ္တလား၊ စောင်း၊ ဒုံမင်းပြိုင်ပွဲများကို စိုက်ပျိုးရေးတက္ကသိုလ်(စာသင်ခန်းမ)၌လည်းကောင်း၊အိုးစည်ဒိုးပတ်ပြိုင်ပွဲများကိုစိုက်ပျိုးရေးသုတေသနဦးစီးဌာန(စုဝေးခန်းမ)၌ လည်းကောင်း၊ ဆိုင်းဝိုင်းတစ်ဦးချင်းနှင့် အဖွဲ့လိုက်ပြိုင်ပွဲ၊ နှဲပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၌ လည်းကောင်း ကျင်းပကြမည်ဖြစ်ရာ ပြိုင်ပွဲဝင်များအတွက် သွားရေး၊ လာရေး၊ စားသောက်ရေး ကိစ္စများနှင့် ပြိုင်ပွဲဝင်များ အဆင်ပြေစွာ ပြိုင်ပွဲဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာများက စနစ်တကျ စီမံဆောင်ရွက်ပေးထားပြီးဖြစ်ပေသည်။

ယခုနှစ်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသော ဘာသာရပ်များကိုလည်း လေ့လာကြည့်ရာ အဆိုပြိုင်ပွဲများတွင် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲများ အဖြစ် ခွဲခြားထားပြီး ပြိုင်ပွဲဝင်တေးဂီတအမျိုးအစားများမှာ မဟာဂီတ ပြိုင်ပွဲ၊ ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေးပြိုင်ပွဲ၊ ခေတ်အကြိုက် တေးသီချင်းပြိုင်ပွဲများကို အတန်းများခွဲ၍ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အက ပြိုင်ပွဲတွင်လည်း အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲများဟူ၍ ခွဲခြားထားပြီး သတ်မှတ်ထားသည့် အတန်းများအလိုက် ပြိုင်ပွဲဝင်ကြရမည်ဖြစ်သည်။ ဇာတ်သဘင်ပြိုင်ပွဲတွင် ယခုနှစ်သတ်မှတ်ထားသည့် ဇာတ်တော်ကြီးမှာ ဘူရိဒတ် ဇာတ်တော်ကြီးဇာတ်ထုပ်ဖြင့်လည်းကောင်း၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် မဟာဗုဒ္ဓဝင်တောထွက်ခန်းဖြင့်လည်းကောင်း၊ ရုပ်သေးပြိုင်ပွဲတွင် သူငယ်တော်၊ မင်းသမီး၊ ဇော်ရုပ်သေးအကများဖြင့်လည်းကောင်း၊ ကွက်စိပ်ပြိုင်ပွဲတွင် ရာဟုလာအမွေတောင်းခန်းဖြင့်လည်းကောင်း၊ ပြဇာတ်ပြိုင်ပွဲတွင် လူငယ်အားမာန် မိုးယံဆီသို့ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အရေးပြိုင်ပွဲတွင်လည်း ဝါသနာရှင်(ပထမတန်း) အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်ဟူ၍ လည်းကောင်း အတန်းသုံးတန်းခွဲခြားပေးထားကာ အမျိုးသား၊ အမျိုးသမီး အတန်းဖြင့် ခွဲခြားပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အတီးပြိုင်ပွဲများတွင် သတ်မှတ်ထားသော အတန်းအမျိုးအစား၊ အဆင့်များ၌ စောင်းပြိုင်ပွဲ၊ ပတ္တလားပြိုင်ပွဲ၊ စန္ဒရားပြိုင်ပွဲ၊ ဆိုင်းဝိုင်း(တစ်ဦးချင်း)၊ ဆိုင်းဝိုင်းကြီး(အဖွဲ့လိုက်)၊ နှဲပြိုင်ပွဲ၊ တယောပြိုင်ပွဲ၊ အိုးစည်(အဖွဲ့လိုက်)ပြိုင်ပွဲ၊ ဒိုးပတ်(အဖွဲ့လိုက်)ပြိုင်ပွဲ၊ မယ်ဒလင်ပြိုင်ပွဲ၊ ဂီတာပြိုင်ပွဲ၊ ဒုံမင်းပြိုင်ပွဲများ စသည့်ပြိုင်ပွဲကဏ္ဍအသီးသီးကို ယှဉ်ပြိုင်ကြတော့မည်ဖြစ်ရာ အနုပညာကို ချစ်မြတ်နိုးသောပြည်သူများ တစ်ဝကြီး စောင့်မျှော်ရှုစားရတော့မည်ဖြစ်သည်။

ယခု (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ၊ ပြိုင်ပွဲဝင်များနှင့် ပြည်သူများကလည်း ပြိုင်ပွဲကြီး၏ ဦးတည်ချက်(၄)ရပ်ဖြစ်သော-



**ကရင်ပြည်နယ်မှ သွေးချင်းညီအစ်ကိုများကလည်း အတီးပြိုင်ပွဲတွင် ဤသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။**

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
(၂) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊
(၃) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊
(၄) အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုးထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး ဆိုသည့်

ဦးတည်ချက်ပါအချက်များကို အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် ခံယူ၍ နိုင်ငံတော်အစိုးရနှင့် အတူ ပူးပေါင်းပါဝင်လက်တွဲကာ အနုပညာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း နိုင်ငံတော်အကျိုးကို သယ်ပိုးသွားနိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။



# ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဂျာမနီနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၃**

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး Mr.Julius Georg Luy သည် အောက်တိုဘာ ၁၂ရက် နံနက်၁၁နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံစက်မှု ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**✪ သီတင်းကျွတ်မှ**

တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသကဲ့သို့ ဒေသအနှံ့တွင် ပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိကြသည်။

အရွယ်ရောက်ပြီးသူ လူရွယ်၊ လူကြီးများဆိုလျှင်လည်း ဝါလကင်းလွတ် သီတင်းကျွတ်ခါနီးပြီဆိုလျှင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြရန် ပြင်ဆင်ကြခြင်းနှင့် မိမိတို့၏ အလှူမင်္ဂလာပွဲများ ပြုလုပ်ရန်အတွက် ပြင်ဆင်ပြုလုပ်တတ်ကြသည်။ ထိုသို့ပြုလုပ်ရာတွင် အလှူမင်္ဂလာပွဲများ ပြုလုပ်ရန်အတွက် မဏ္ဍပ်အခင်းအကျင်းများ ပြင်ဆင်ကြသကဲ့သို့ ဖိတ်ကြားရန်ဖိတ်စာများလည်းစီစဉ်တတ်ကြသည်။

ဦးစွာ သီတင်းကျွတ်ရာသီတွင် မြန်မာမှုလုပ်ငန်းများဖြစ်သည့်ရောင်စုံမီးပုံးများနှင့် ဖိတ်ကြားစာပြုလုပ်ခြင်း လုပ်ငန်းများကို သွားရောက်လေ့လာမိသည်။ မြန်မာမှုလက်ရာများဖြင့် လှပဆန်းသစ်သော အလှမီးပုံးများပြုလုပ်ရာ ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်သို့ ဦးစွာ လေ့လာဖြစ်ခဲ့သည်။ ထိုရပ်ကွက်တွင် မြန်မာမှုလက်ရာများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများသည် ဒုတိယကမ္ဘာစစ်မတိုင်ခင်က အညာဒေသ မုံရွာမြို့နယ် ကျောက္ကာအရပ်မှ စုပေါင်းပြောင်းရွှေ့ နေထိုင်ကြသူများ ဖြစ်သည်။ ဘောဂရပ်တွင်ပင် ထိုစဉ်ကတည်းက နိဗ္ဗာန်လုပ်ငန်းနှင့် မြန်မာမှုလုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသည်။

သီတင်းကျွတ်ရာသီတွင် မြန်မာမှုမီးပုံးများ၊ ကလေးလက်တွန်းမီးထွန်းအရုပ်ကလေးများနှင့် အလှူမင်္ဂလာမဏ္ဍပ် လုပ်ငန်းများကိုပါ လုပ်ကိုင်ကြသည်။ ထိုလုပ်ငန်းများကို လုပ်ကိုင်နေသော ဦးမြင့်ဇော်က "မီးပုံးလုပ်ငန်းနဲ့ မီးထွန်းလက်တွန်းလှည်း အရုပ်လုပ်ငန်းကို လွှန်ခဲ့တဲ့ အနှစ်(၅၀)လောက် ကတည်းက မိဘတွေဆီက အမွေဆက်ခံပြီး မိသားစုတွေစုပြီး လုပ်ကြတာပါ၊ စလုပ်စဉ်က မီးပုံးအတွက်သာ ဆီစိမ်စက္ကူသုံးပြီး အရုပ်မှာလည်း ယုန်ရုပ်တစ်မျိုးတည်းသာ လုပ်ပါတယ်။ သတင်းစာစက္ကူမှာ ပုံဖော်ကပ်ပြီး မဲနယ်တစ်မျိုးတည်းသာ သုံးပါတယ်။ နောက်တရုတ်မှန်ကြည့်စက္ကူကိုပြောင်းသုံးပါတယ်၊ ဆေးကိုလည်း ရေဆေးရောင်စုံပြောင်းသုံးပါတယ်"ဟု ရှင်းပြသည်။

ဘောဂရပ်မှ ဦးဝင်းမြင့်က "အစတုန်းက သီတင်းကျွတ်မီးထွန်းပွဲတော်တွေဆီက လက်လုပ် မီးပုံးလေးတွေ ရပ်ကွက်အလိုက်၊ လမ်းအလိုက်ထွန်းဖို့ အော်ဒါလုပ်ပေးရင်းက လုပ်ငန်းစခဲ့တာပါ။ မီးပုံးကို တစ်ရပ်ကွက်နဲ့တစ်ရပ်ကွက် မတူအောင် လုပ်ပေးရင်းကနေ အခုဆို မီးပုံး ပုံစံမျိုးစုံ ထွက်ပေါ်နေပါပြီ"ဟု ရှင်းပြသည်။ ထိုအရပ်တွင် သီတင်းကျွတ်ရာသီ အလှူမဏ္ဍပ်အတွက်ပြင်ဆင်နေကြသည်ကိုလည်း တွေ့ရသည်။ တစ်ဆက်တည်းတွင် သီတင်းကျွတ်ရာသီ၌ မြန်မာ့ထုံးတမ်းစဉ်လာ ဓလေ့ဖြစ်သည့် အလှူမင်္ဂလာပွဲမျိုးစုံဖိတ်ကြားနိုင်ရန်အတွက် ဖိတ်စာလုပ်ငန်းများကို တစ်စုတစ်ဝေးတည်း လုပ်ကိုင်လျက်ရှိသည့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၃၂လမ်းမှ ဖိတ်စာလုပ်ငန်းများဆီသို့လည်း သွားရောက်လေ့လာဖြစ်ခဲ့သည်။

ဖိတ်စာပြုလုပ်သော ၃၂လမ်းတွင် အောင်ဝင်းသိန်း၊ ကြည်၊ မိတ်ဆွေကြီး၊ ထိုက်ထိုက်၊ ဝင်းသော်တာ၊ သဇင်၊ ပျံလွှား၊ ခနုဖြူ မဥ္ဇူသက၊ ရွှေအရိပ်၊ မိုး၊ ဟန်နီထွန်း၊ နန်းတော်၊ ရာဇာ၊ သန္တာကျော်၊ ငွေတောင်၊ ဆုံဆည်းရာ၊ ဖိုးသား၊ သူ့ထက်သာ၊ မိုးမိုး၊ မြတ်မွန်ရတနာ စသည့် ဖိတ်စာဆိုင်ပေါင်း ၃၄ဆိုင်ရှိသည်။

ဖိတ်စာမျိုးစုံကို တစ်ဆိုင်ထက်တစ်ဆိုင်သာအောင် တီထွင်ကြသည့် ဆိုင်များအနက် ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်လေ့လာဖြစ်သည်။

ဆိုင်ရှင်မဇာနည်က မြန်မာမှုဖိတ်စာပြုလုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ "မြန်မာ့လက်မှုပညာ (HAND MADE)နဲ့ တီထွင်တဲ့ ဖိတ်စာအဖုံးတွေ၊ အတွင်းသားတွေကို အများဆုံး လက်နဲ့ တန်ဆာဆင်ပါတယ်။ အများဆုံး ပြည်တွင်း ဖြစ်ပစ္စည်းတွေကို အသုံးပြုပါတယ်။ စာလုံးဖော်ရာမှာ ဝါးမျှင်လေးတွေကို အသုံးပြုပါတယ်။ ဖိတ်စာတွေရဲ့ အဖုံးမှာ သဘာဝ သစ်ရွက်ခြောက်၊ ပန်းခြောက်၊ သေးငယ်တဲ့ အသီးခြောက်လေးတွေ ကပ်ပြီးတော့လည်း ပုံဖော်ဒီဇိုင်း လုပ်ပါတယ်။"

"စာလုံး၊ အရုပ်နဲ့ လိုအပ်သလို ပုံဖော်ဖန်တီးတဲ့ ဝါးမျှင်လေးတွေကို အင်းလေးကမှာယူပါတယ်၊အင်းလေးမှာပဲ ဝါးမျှင်သားတွေကိုပေါင်းတယ်၊ ကြိတ်တယ်၊ နေလှန်းတယ်၊ မှာယူလို့ ရောက်လာတဲ့ ဝါးမျှင်တွေကို လိုသလို အရောင်အသွေး တင်ပါတယ်။ HAND MADEဖိတ်စာက စိတ်ရှည်ရှည်နဲ့ ဂရုစိုက်ရပါတယ်။ တစ်စောင်တလေမှ ဆုံးရှုံးလို့မဖြစ်ပါဘူး၊ အရင်းအနှီးက များပါတယ်။ HAND MADE ဖိတ်စာအစောင် ၁၀၀-၂၀၀ဆိုရင် ၂၅ရက်လောက် အချိန်ပေးရပါတယ်။ ဒါထက်များရင် များသလောက် အချိန်ယူရပါတယ်"။

" အခုမြင်ရတဲ့အတိုင်း ပုံစံမပျက် သစ်ရွက်အကြော၊ အရိုးတွေဖြစ်လာအောင် သစ်ရွက်တွေကို ဆေးစိမ်တယ်၊ အရိုးအကြောပုံစံမပျက်ပုံပေါ်လာမှ နေလှန်းတယ်။ အရောင်အသွေးကိုတော့ စိတ်ကြိုက်ဖန်တီးပါတယ်။ရော်ဘာရွက်ကိုအဓိကထားသုံးပါတယ်"။

"ဖိတ်စာနဲ့ပတ်သက်တာအားလုံးကို ကိုယ်တိုင်လုပ်ပါတယ်။ ရွှေဖိ၊ ငွေဖိတာကအစ ခက်ခဲတဲ့ အသားဖောင်း အဆုံးအထိ ကိုယ်တိုင်လုပ်ပါတယ်။ စက်တွေလည်း ရှိပါတယ်၊ စက်နဲ့လုပ်တဲ့ဖိတ်စာက လှိုင်သာယာစက်မှုဇုန်မှာ ဖွင့်ပွဲအတွက် နိုင်ငံပေါင်း ၄၀ကို ဖိတ်တဲ့ဖိတ်စာက စံချိန်တင်ပါ။

"ဖိတ်စာတွေကို နေရာအနှံ့အပ်ပါတယ်။ မြစ်ကြီးနား၊ မန္တလေး၊ ရခိုင်၊ ထားဝယ်၊ တောင်ကြီး၊ ပြင်ဦးလွင်၊ မော်လမြိုင်၊ မကွေး၊ ကော့သောင်း၊ တာချီလိတ်နဲ့ ဧရာဝတီတိုင်းက မြို့တော်တော်များများဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ဖိတ်စာအပြင် အလှူမင်္ဂလာပွဲများအတွက် မဏ္ဍပ်များကို ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်တွင်သာမက ပဒင်းတန်းတွင်ပါ ပြုလုပ်ကြသည်။ ထိုအရပ်ဒေသများသည် ရှေးအစဉ်အဆက် အစဉ်အလာမပျက် မြန်မာမှုလက်ရာများကို ပြုလုပ်ကြသော အရပ်ဒေသများဖြစ်သည်။ ယနေ့သီတင်းကျွတ်ကာလနှင့် တိုက်နေသောအခါသမယ၌ မြန်မာတို့ အသုံးပြုသော မြန်မာမှုလက်ရာများကို ထုတ်ဖော်တင်ပြလိုက်ရပါသည်။

**✻ ရေနံစိမ်းမှ**

ရေနံစိမ်းတင် ပါဝင်သော ဆာလ်ဖာဓာတ်ကို ဖယ်ရှားနိုင်မည်ဆိုပါက ဓာတ်ဆီတွင် ဆာလ်ဖာပါဝင်မှုနှုန်း လျှော့ချရန် ရေနံကုမ္ပဏီများ ဖိအားပေးခံနေရမှု လျော့ပါးသက်သာမည်ဖြစ်သည်။

ယနေ့ကာလတွင် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများ သုံးစွဲမှုကြောင့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ ထုတ်လွှတ်မှု များပြားလာကာ ကမ္ဘာကြီးပူနွေးမှု ပိုမိုဖြစ်ပေါ်လာရသည်။

သုတေသီတို့၏ လေ့လာချက်အရ ကမ္ဘာပေါ်တွင် ရေနံသုံးစွဲမှု အများဆုံးနိုင်ငံမှာ အမေရိကန် ဖြစ်သည်။ ယင်းနိုင်ငံသည် ပျမ်းမျှအားဖြင့် ကမ္ဘာ့ရေနံသုံးစွဲမှု၏ ၂၅ ရာခိုင်နှုန်း ကို သုံးစွဲသည်။ တစ်ရက်လျှင် ရေနံ စည်ပေါင်း ၁၉ ဒသမ ၆ သန်းခန့် အထိ သုံးစွဲသည်။

ကမ္ဘာပေါ်တွင် ရေနံထုတ်လုပ်မှု အများဆုံး ကုမ္ပဏီမှာ ဆော်ဒီအာရေဗျနိုင်ငံရှိ ရေနံကုမ္ပဏီဖြစ်သော ဆော်ဒီအရမ်ကို (saudi Aramco)ဖြစ်သည်။ ကမ္ဘာ့ရေနံဝယ်လိုအား၏ ၁၁ ရာခိုင်နှုန်းကို ယင်းကုမ္ပဏီက ဖြည့်ဆည်းပေးသည့်အပြင် ကမ္ဘာ့ရေနံသိုက်များကိုလည်း ထိန်းချုပ်ထားနိုင်သည်။ ဆော်ဒီအာရေဗျနိုင်ငံက ပိုင်ဆိုင်သော ရေနံသိုက်မှာ ခန့်မှန်းခြေရေနံစည်ပေါင်း ၂၆၉ ဘီလီယံအထိ ထုတ်ယူနိုင်မည်ဟု မှတ်တမ်းတင်ခံရသည်။

အီရန်နိုင်ငံတွင် ၁၉၀၈ ခုနှစ်မှ စတင်ကာ ဆူဇီစတန်ပြည်နယ်၌ ရေနံရှာဖွေတွေ့ရှိခဲ့သည်။ အီရန်နိုင်ငံ ပြည်ပပို့ကုန်ဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းမှာ ရေနံနှင့် ဓာတ်ငွေ့တင်ပို့မှုမှဖြစ်သည်။ ဇာဂရော့တောင်တန်းဒေသ အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် ရေနံမြေများတည်ရှိသည်။ နိုင်ငံမြောက်ပိုင်းတွင်လည်း ရေနံရှာဖွေတွေ့ရှိရပြီး ပါရှန်ပင်လယ်ကွေ့တွင် ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းတည်ရှိသည်။ ***အင်တာနက်။***

**အီရန်နိုင်ငံ ခါမန်ရှားမြို့ရှိ ရေနံချက်စက်ရုံ။**
*(ဓာတ်ပုံ-အင်တာနက်)*



## နိုင်ငံတော်သြဝါဒါစရိယ၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသံဝရာဘိဝံသ(ရွှေကျင်) (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



သြဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း၊ ပုသိမ် အနောက်မြို့နယ်၊ ကြက်ပေါင်ရွာ၊ ခမည်းတော် ဦးရွှေဖေ၊ မယ်တော် ဒေါ်မယ်ရှိန်တို့မှ ၁၂၈၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်၊ သောကြာနေ့တွင်ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၉ခုနှစ်တွင် ပုသိမ် အနောက်မြို့နယ်၊ ကလိုင်းချောင်းကုန်းကျေးရွာ၊ ဓမ္မသုခ ရွှေကျင်ကျောင်းတိုက် ဆရာတော်အရှင်ဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ရက်နေ့တွင် ဒုတိယစံကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ညောင်တုန်းမြို့ အထည်ကုန်သည် ဒေါ်နှင်းလှနှင့် ဓနုဖြူမြို့ ထော်ကလွင်ကျေးရွာ ဦးမောင်ခို ဒေါ်သန်းခတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဓမ္မသုခ ရွှေကျင်ကျောင်းတိုက် ဆရာတော်နှင့် ဦးအာစိဏ္ဏတို့ထံ၌ အခြေခံပရိယတ္တိစာပေများကို သင်ယူခဲ့ပြီး မြောင်းမြမြို့ ဗောဓိမြိုင် ဆရာတော် အရှင်ဇနိတထံ၌ ပထမငယ်တန်းဆိုင်ရာနှင့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပထမစံကျောင်းဆရာတော်၊ ဒုတိယစံကျောင်း ဆရာတော်တို့ထံ၌ ပထမလတ်တန်းမှစ၍ ပါဠိအဋ္ဌကထာ၊ ဋီကာများကို သင်ယူခဲ့ပါသည်။ ထို့ပြင် ရန်ကုန်မြို့ ရွှေဂုံတိုင် ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ဆရာတော် အရှင်ကောဏ္ဍည (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ အနောက်တောင်စကုတိုက် အရှင်နန္ဒာစရိယ (အဂ္ဂမဟာပဏ္ဍိတ)၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံဆရာတော် အရှင်ကုန္ဒက(အဂ္ဂမဟာပဏ္ဍိတ)တို့ထံ၌ ပါဠိ၊ အဋ္ဌကထာနှင့် ပဋ္ဌာန်းညဝါများ သင်ကြားဆည်းပူးတော်မူခဲ့ပြီး ညောင်တုန်းမြို့၊ ရွှေကျင်နိကာယ သာသနပါလအသင်း စာမေးပွဲ ဓမ္မာစရိယစာချတန်း၊ ရန်ကုန်မြို့ စေတီယင်္ဂဏ စာသင်တန်းနှင့် အစိုးရဓမ္မာစရိယစာမေးပွဲကို ဂုဏ်ထူးခြောက်ကျမ်းနှင့် အောင်မြင်တော်မူခဲ့၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

### စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကို (၂၈)နှစ်တိုင် သင်ကြားပို့ချတော်မူခဲ့ပြီး ပဋ္ဌာန်းကျမ်းကို (၂၆)နှစ်တိုင် နှစ်စဉ်သင်ကြားပို့ချတော်မူခဲ့ပါသည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာရကအဖြစ်လည်းကောင်း၊ ပါဠိဝိသောဓကအဖွဲ့ဝင်နှင့် ဘာဏက အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့၌ စစ်ကိုင်းတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်)၊ တတိယအကြိမ် သံဃာ့အဖွဲ့အစည်း၌ ရွှေကျင်နိကာယ၊ တိုင်းသြဝါဒါစရိယ၊ ပဉ္စမအကြိမ်မှစ၍ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

### ဘွဲ့တံဆိပ်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၄ခု (၁၉၉၃ခုနှစ်)တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားသည် သာသနာတော်အကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၈၄)နှစ်၊ သိက္ခာတော် (၆၅)ဝါအရ ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၃ရက်၊ ၂၀၀၈ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ တနင်္ဂနွေနေ့ ညနေ ၄နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## မုတ္တမအထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

မွန်ပြည်နယ် မုတ္တမအထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မုတ္တမအထက၌ ကျင်းပမည်ဖြစ်ရာ မုတ္တမအထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် (၆၀)ပြည့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန်နှင့် ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးစိုးအောင် ဖုန်း-၀၅၇-၂၄၃၉၃၊ ဦးစိုးမော် ဖုန်း-၀၉၈၇၀၂၀၂၅၊ ဦးမောင်လန်း(ပေါင်) ဖုန်း-၀၉၅၃၂၂၀၃၆၊ ဒေါ်မြည္ဆန့်ရည်(ကျောင်းအုပ်ကြီး) အထက(ကွေ့ဝမ်း) ဖုန်း-၀၅၇-၂၂၇၃၆၊ ဦးမျိုးမြင့် ဖုန်း-၀၁-၅၃၄၈၀၆၊ ဦးကိုကိုကြီး ဖုန်း-၀၉၅၀၁၀၃၈၆၊ ဦးသိန်းဝင်း ဖုန်း-၀၉၅၀၀၆၁၈၉၊ ဦးကိုကိုလေး ဖုန်း-၀၁-၂၀၀၁၃၅၊ ဦးစိုးဝင်း ဖုန်း-၀၉၅၁၁၃၁၅၉၊ ဦးကျော်ကျော်ဦး ဖုန်း-၀၉၅၀၀၇၅၇၃၊ ဦးတင်မောင် ဖုန်း-၀၉၅၀၆၂၈၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## အာဟာရဓာတ်ပြည့်ဝသည့် မြန်မာ့သီးနှံ နယ်စပ်ကုန်သွယ်ရေးတွင် အရောင်းအဝယ်မှန်

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၌ ရာသီအလိုက် ထွက်ရှိသော သီးနှံများသည် သဘာဝမြေဩဇာကို အဓိကအားပြုရှင်သန်ကြီးထွားသော သီးနှံများဖြစ်သည်။ မြန်မာ့သီးနှံများတွင် သဘာဝအာဟာရဓာတ်များ ပြည့်ဝမှုရှိ၍ ပြည်ပမှ ဝယ်လိုအားတိုးတက်လာသည်။ ပြည်ပပို့ကုန်သီးနှံများသည် နယ်စပ်ကုန်သွယ်ရေးဇုန်များမှတစ်ဆင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုရာသီသည် ပဲ၊ ပြောင်း၊ နှမ်း လှိုင်လှိုင်ပေါ်သည့်ရာသီဖြစ်၍နယ်စပ်ဈေးကွက်တွင် ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ဈေးများ လှုပ်ရှားလာသည်။ ယခုနှစ် ရာသီဥတု အနေအထားမှာ ယခင်နှစ်လောက် မကောင်းသဖြင့် သီးနှံအထွက်နည်းသော်လည်း စိုက်ပျိုးမြေဧရိယာများ တိုးတက်လာခြင်းကြောင့် နယ်စပ်ဒေသသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှာ လျော့ကျမသွားဘဲ ပုံမှန်အတိုင်းသာ ရှိနေကြောင်း သိရသည်။



မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ ပြည်ပပို့ကုန် မော်တော်ယာဉ်စခန်းကို တွေ့ရစဉ်။

စက်တင်ဘာလအတွင်း နှမ်းဖြူ နှမ်းနက်များဈေးကွက်အတွင်း အဝင်များလျက်ရှိနေပြီး နယ်စပ်ကုန်သွယ်ရေး ဈေးနှုန်းမှာ နှမ်းဖြူတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ မှ ၁၈၀၀ အတွင်းရှိသည်။ နှမ်းနက်တစ်တန်လျှင် ဒေါ်လာ ၁၈၀၀ မှ ၁၉၀၀ အတွင်းရရှိသည်။ ပြောင်းဆန်ကိုလည်းနေ့စဉ် တင်ပို့လျက်ရှိပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၃၀ ရရှိပြီး နိုင်ငံတကာ ဈေးကွက်နှင့် နှိုင်းယှဉ်လျှင် ယခုနှစ်ဈေးကောင်းရသည်ဟု ဆိုသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းသို့ မြန်မာ့ထွက်ကုန်သီးနှံများကို နေ့စဉ် တင်ပို့လျက်ရှိသည်။



ယခုအခါ ရှမ်းပြည်နယ်ထွက် ပဲပုပ်များလည်း ပေါ်နေပြီဖြစ်ပြီး နယ်စပ်ဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိသည်။ ပဲပုပ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၆၀ ရရှိကြောင်း သိရသည်။ ယခုနှစ်တွင် ပဲတီစိမ်းရောင်းဝယ်မှုမှာ ရောင်းအားအတက်အကျရှိနေပြီး ဈေးမမှန်ချေ။ ယခုလောလောဆယ်တွင် ပဲတီစိမ်းလုံးခြမ်းသာ အရောင်းအဝယ်ဖြစ်နေပြီး ပဲတီစိမ်းလုံးချောများအဝယ်မလိုက်ဘဲ အဝင်ရပ်နေကြောင်း သိရသည်။ ယခင်နှစ် စက်တင်ဘာလက ပဲတီစိမ်းအရောင်းအဝယ် အားကောင်းခဲ့သည်။ ယခုနှစ်တွင် ပဲတီစိမ်း ဝယ်လိုအားကောင်းသည့် တရုတ်နိုင်ငံရှိ အချို့နေရာဒေသများတွင် သဘာဝဘေးဒဏ်များ ကျရောက်ခဲ့ခြင်းတို့ကြောင့် ပဲတီစိမ်း ဝယ်လိုအား ကျဆင်းသွားရခြင်းဖြစ်သည်။ ယမန်နှစ်က စီချွမ်ပြည်နယ် တစ်ခုတည်းက တစ်နေ့ကားအစီး ၃၀-၄၀ ခန့် ဝယ်ယူမှုများရှိခဲ့သည်။ သဘာဝဘေးဒဏ် ကျရောက်ခဲ့သော ဒေသများအားလုံး ပုံမှန်ပြန်ဖြစ်သွားမည်ဆိုလျှင်အရောင်းအဝယ် ပြန်ကောင်းလာနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံ အတွင်းရှိ စားသုံးသူများသည် အပူချိန်မြင့်သည့် အချိန်တွင် ပဲတီစိမ်းကို အပူခံအစားအစာအဖြစ် ပြုလုပ်စားသုံးရန် ပဲတီစိမ်းဝယ်ယူသည့်ဒေသများ၏ ဒုတိယအစားအစာအဖြစ် ထားရှိသည်။ မြန်မာ့ပဲကုန်သည်နှင့် တောင်သူများအနေဖြင့် မိမိတို့ လယ်ယာထွက်ကုန် ပစ္စည်းများကို ရောင်းဝယ်ရာတွင် ဈေးကွက် စီးပွားရေးအမြင်များဖြင့် မိမိတို့ ကုန်သွယ်ဖက်နိုင်ငံများ၏ အခြေအနေအရပ်ရပ်ကိုလေ့လာပြီးအရောင်းအဝယ် လုပ်သင့်ကြောင်း ကုန်သည်တစ်ဦးမှ ပြောကြားသွားသည်။

(၅၅၅)

## ဘောလုံးအားကစားသတင်းများ

# ကမ္ဘာ့စီးပွားရေး ခက်ခဲကျပ်တည်းမှုက ပရီမီယာလိဂ်အသင်းများသို့ ရိုက်ခတ်လာ



**ဝက်စ်ဟမ်းအသင်း ပြဿနာများဖြင့် ရင်ဆိုင်နေရချိန်တွင် နည်းပြသစ်ဇိုလာမှာလည်း ဖိအားများဖြင့် ရင်ဆိုင်နေရ။**

**လန်ဒန် အောက်တိုဘာ ၁၃**

အင်္ဂလန်ပရီမီယာလိဂ်ကလပ်အသင်းတစ်သင်းဖြစ်သည့် ဝက်စ်ဟမ်းအသင်းပိုင်ရှင် ယောဂေါ်လ်ဖာဂတ်ဒ်မန်ဆင် ပိုင်ဆိုင်သည့် အိုက်စလန်နိုင်ငံ၏ ဒုတိယအကြီးဆုံးဖြစ်သော Landsbankinn ဘဏ်အား ကမ္ဘာ့ငွေကြေး အကျပ်အတည်းအတွင်း ပြိုလဲသွားမည်ကို စိုးရိမ်၍ဟုဆိုကာ အိုက်စလန်အစိုးရက ပြည်သူပိုင်သိမ်းပိုက်လိုက်ခြင်းကြောင့် ဝက်စ်ဟမ်းအသင်း၏အနာဂတ်မှာ မသေချာမရေရာ ဖြစ်လျက်ရှိနေသည်။

ယခုတလော ထွက်ပေါ်နေသည့် သတင်းများအရ ဝက်စ်ဟမ်းဘုတ်အဖွဲ့အနေဖြင့် နောက်တစ်လအတွင်း ငွေကြေးခိုင်မာသည့် ပိုင်ရှင်တစ်ဦးဦးထံသို့ လွှဲပြောင်းရောင်းချရမည်ဖြစ်ကြောင်း၊ ထိုသို့မရောင်းချနိုင်ပါက ဝက်စ်ဟမ်းအသင်းအား ပြည်သူပိုင်သိမ်းပိုက်ရမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။ တိုင်းတစ်ပါးဒေသများတွင် တယ်လီဖုန်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းများကိုလုပ်ကိုင်နေသည့် ဂတ်ဒ်မန်ဆင်သည် ဝက်စ်ဟမ်းအသင်းကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလက ပေါင် ၈၅ သန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ လက်ရှိဝက်စ်ဟမ်းအသင်း၏ တန်ဖိုးမှာ ပေါင်သန်း ၁၀၀ခန့်သာရှိသော်လည်း ဝက်စ်ဟမ်း အသင်းအနေဖြင့် ရှက်ဖီးယူနိုက်တက်နှင့် XLလေကြောင်းလိုင်းတို့ကို လျော်ကြေးပေးရန် စုစုပေါင်းပေါင်သန်း ၅၀ ဝန်းကျင်ခန့် ရှိနေခြင်းကြောင့် အသင်းကို ဝယ်ယူမည့်သူများက တွန့်ဆုတ်နေကြခြင်းဖြစ်သည်။ ထိုသို့ ဝက်စ်ဟမ်းအသင်း၏ ပြဿနာများအကြားတွင် နည်းပြသစ်ဇိုလာမှာလည်း ဖိအားများနှင့် ရင်ဆိုင်နေရသည်ဟု သိရသည်။

အလားတူပင် ပရီမီယာလိဂ်အသင်းများဖြစ်သည့် နယူးကာဆယ်၊ ဝီဂန်၊ ပို့စ်မောက်နှင့် အဲဗာတန်တို့မှာလည်း ငွေကြေးဖြည့်တင်းရန် လိုအပ်လျက် ရှိနေကြသည်။

ထို့အပြင် ကွင်းအတွင်း၌ ရလဒ်ကောင်းများ ရရှိနေသော်လည်း အသင်း၏ ပိုင်ရှင်များအကြား၌ ပြဿနာပေါင်းစုံဖြင့် ရင်ဆိုင်နေရသည့် လီဗာပူးလ်အသင်းမှာ စကော့တလန်တော်ဝင်ဘဏ်မှ ပေါင်သန်း ၁၀၀ ချေးငွေးခွင့်ရရန် ကြိုးစားနေမှုမှာ မအောင်မမြင်ဖြစ်လျက်ရှိနေသည်။

သို့အတွက်ကြောင့် ကမ္ဘာ့စီးပွားရေးအခက်အခဲ အကျပ်အတည်းဖြစ်မှုများက အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးအသင်းများသို့ပင် ရိုက်ခတ်လာပြီဖြစ်ခြင်းကြောင့် ပရီမီယာလိဂ်ဘောလုံးလောကမှာ စိုးရိမ်စရာဖြစ်လာပြီလားဟုပင် သံသယရှိချင်စရာ ဖြစ်နေသည်။

**ဝင်းတင် (ကြေးမုံ)**

## ဘီလာရုစ်နှင့်ပွဲတွင် ဂိုးသွင်းနိုင်ရန်ကြိုးစားမည်ဟု ဝေါလ်ကော့ ပြောကြား

ပြီးခဲ့သည့်စနေနေ့က ယှဉ်ပြိုင်ကစားခဲ့သော အင်္ဂလန်နှင့်ကာဇက်စတန်တို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အင်္ဂလန်က ကာဇက်စတန်ကို အိမ်ကွင်း၌ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲတွင် အင်္ဂလန်နှင့် အာဆင်နယ်တောင်ပံတိုက်စစ်မှူး သီအိုဝေါလ်ကော့မှာ ပထမပွဲထွက်လူစာရင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ကာဇက်စတန်ဘက်သို့ တစ်ဂိုးမျှသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ဝေါလ်ကော့မှာ တစ်ဖက်နောက်တန်းကစားသမားများ၏ လူကပ်ကစားခြင်းကိုခံခဲ့ရ၍ ထင်သလိုခြေစွမ်းပြနိုင်ခြင်း မရှိခဲ့ချေ။ ဝေါလ်ကော့မှာ ခရိုအေးရှားနှင့်ကစားခဲ့သည့်အဝေးကွင်း၌ ခြေစွမ်းပြပြီး ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ယခုကာဇက်စတန်နှင့်ပွဲတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ စိတ်ပျက်လျက်ရှိနေသည်။ သို့သော် မိမိအနေဖြင့် လာမည့်ဗုဒ္ဓဟူးနေ့တွင် ယှဉ်ပြိုင်ကစားရမည့် ဘီလာရုစ်နှင့်ပွဲတွင် အဝေးကွင်း၌ ပြန်လည်ခြေစွမ်းပြပြီး ဂိုးသွင်းယူနိုင်အောင် ကြိုးစားသွားမည်ဟု ထုတ်ဖော်ပြောကြားသွားသည်။ ***အင်တာနက်။***



**ဘီလာရုစ်နှင့်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ ခြေစွမ်းပြ ဂိုးသွင်းမည်ဟု ပြောကြားသည့် တောင်ပံတိုက်စစ်မှူးဝေါလ်ကော့။**

# မြန်မာ့စက်မှုလုပ်ငန်းတွင် စီမံခန့်ခွဲမှုအရေးကြီးပုံ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြားကျွမ်းကျင်မှုဆိုင်ရာ ပညာသင်ဆုပေးရေးအဖွဲ့ (The Association for Overseas Technical Scholarship-AOTS),Japan တို့ ပူးပေါင်းဖွင့်လှစ်သော မြန်မာ့စက်မှုလုပ်ငန်းတွင် စုပေါင်းအရည်အသွေး ရရှိရေး စီမံခန့်ခွဲမှုအရေးကြီးပုံအစပျိုးဆောင်ရွက်မှု (Introducing the importance of Total Quality Management to Myanmar Industries) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၀ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် AOTS မှ Mr. Tashiki Sadatani တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းဆင်း အမှာစကား ပြောကြား၍ ဥက္ကဋ္ဌ ဦးဝင်းမြင့်**(အောက်ပုံ)**က သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## မျက်မမြင်လမ်းလျှောက်တုတ်နေ့ ယာဉ်သွားလာမှု ခေတ္တပိတ်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၇)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည့် လမ်းကြောင်းမှာ ပြည်လမ်းပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှေ့မှတာလွတ်၍ ပြည်လမ်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမရှေ့တွင် ပန်းဝင်မည်ဖြစ်သည်။ လမ်းလျှောက်ပွဲကျင်းပမည့်နေ့ လမ်းလျှောက်ပွဲကျင်းပရာ လမ်းတစ်လျှောက် နံနက် ၅ နာရီမှ ၈နာရီအထိ မော်တော်ယာဉ်များသွားလာမှုကို ခေတ္တပိတ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၀-၂၀၀၈ (အင်္ဂါနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အဘိဓမ္မာအခါတော်နေ့" တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ) |
| ၈း၀၀ - ၂း၀၀ | တူယှဉ်ကာန္တဲ့ ရွှေကျင်မီးမျှောပွဲ |
| ၈း၁၀ - ၂း၁၀ | Sunday Talk |
| ၉း၁၀ - ၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | သတ္တဌာနမှာ သံဝေဂရယူပါ |
| ၉း၅၅ - ၃း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ - ၄း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ - ၄း၀၅ | ပဲခူးသက်သတ်လွတ်သနပ်စုံ |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀ - ၄း၃၀ | လျှပ်ါန်းခွင့်ကြုံနိုင်သည်ပြမ်းစေတီ လေးဆူဓာတ်ပုံအတွက်ရည် |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ - ၅း၁၀ | မြတ်ဗုဒ္ဓ၏သြဝါဒ ပါတိမောက်လာမြတ်ပဝါရဏာ |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ - ၅း၃၅ | ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ |
| ၁၂း၀၅ - ၆း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၁၀ - ၆း၁၀ | မြို့ဇလွန်ရဲ့ မီးမြင်းမိုရ်ပွဲဆင်ကာန္တဲ့၊ ပူဇော်လှူဒါန်းပန်းရေချမ်း |
| ၁၂း၃၅ - ၆း၃၅ | Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင်-ဟဲလေး) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# မြန်မာနိုင်ငံအောက်ပိုင်း မိုးပိုလာနိုင်

ရန်ကုန် အောက်တိုဘာ ၁၃

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ညောင်ဦးမြို့တွင် ၂ ဒသမ ၀၀ လက်မ၊ ရွှေဘိုမြို့နှင့် လှိုင်ကော်မြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီ၊ မင်းတပ်မြို့တွင် ၁ ဒသမ ၃၇ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၀၂လက်မ၊ ပြင်ဦးလွင်မြို့တွင် ၀ ဒသမ ၉၈ လက်မနှင့်ချောက်မြို့တွင် ၀ ဒသမ ၈၇ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ထူးခြားသည့် အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ 'ဒါနန်းမြို့'၏ မြောက်ယွန်းယွန်း ၁၂၅မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**အောက်တိုဘာ ၁၄ ရက် ညနေထိ ခန့်မှန်းချက်။** ။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၂ ဒီဂရီဖာရင်ဟိုက်) ၁၂-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၂ ဒသမ ၇ ဒီဂရီစင်တီဂရိတ်(၇၃ ဒီဂရီဖာရင်ဟိုက်) ၁၃-၁၀-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၈ ရာခိုင်နှုန်း ၁၃-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း (၇ ဒသမ ၂)နာရီခန့် ၁၂-၁၀-၂၀၀၈

## တိုက်ကြီး-ရန်ကုန်ခရီးသည်တင်ယာဉ် တစ်စီးပေါ်၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၃**

တိုက်ကြီး-ရန်ကုန်ပြေးဆွဲသော ခရီးသည်တင်ယာဉ် ဟိုင်းလတ်ယာဉ် အမှတ် ပ/၁၆၀၂သည် တိုက်ကြီးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာစဉ် အောက်တိုဘာ ၁၃ရက် နံနက် ၂နာရီ ၃၅မိနစ်ခန့်တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနရှေ့သို့အရောက် ယာဉ်ပေါ်၌ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ယင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ ရှစ်ဦးအနက် ယာဉ်မောင်း ဦးမျိုးအောင်အပါအဝင် အမျိုးသားလေးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ခုနစ်ဦး သေဆုံးခဲ့ကြောင်း၊ အမှတ်(၅၂၈)မင်းစေတီလမ်း အင်းစိန်မြို့နယ်နေ ဦးကျော်လှ(၄၀)နှစ် (ဘ)ဦးပြီးချိုသည် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးလျက်ရှိကြောင်းသိရှိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူများ စားသုံးရန်မသင့်သော မယ်လမင်းပါဝင်သည့် နို့မှုန့်များကို တင်သွင်းခြင်း၊ ပြုပြင်ထုပ်ပိုး/ဖြန့်ဖြူးရောင်းချခြင်း အခြားစားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုခြင်းတို့အား ထပ်မံတားမြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာ**

**အမှတ် (၄၂/၂၀၀၈)**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက်

(၂၀၀၈ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**ပြည်သူများစားသုံးရန်မသင့်သော မယ်လမင်းပါဝင်သည့် နို့မှုန့်များကို တင်သွင်းခြင်း၊ ပြုပြင်ထုပ်ပိုး/ဖြန့်ဖြူးရောင်းချခြင်း အခြားစားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုခြင်းတို့အားထပ်မံတားမြစ်ခြင်း**

၁။ မြန်မာနိုင်ငံတွင် မယ်လမင်းပါဝင်သည့် မသန့်ရှင်းသော နို့မှုန့်နှင့်ဆက်နွယ်သော ဘေးအန္တရာယ်များ မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာက စနစ်တကျဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှတင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းနှင့် ပြန်လည်ပြုပြင်ထုပ်ပိုးရောင်းချခြင်းပြုနေသည့် နို့မှုန့်(၁၆)မျိုးကို စမ်းသပ်စစ်ဆေးခဲ့ရာ နို့မှုန့်အမျိုးအစား(၉)မျိုးမှာ မယ်လမင်းပါဝင်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါ မယ်လမင်းပါဝင်သည့် နို့မှုန့်များကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းတွင် ပြန်လည်ပြုပြင်ထုပ်ပိုးရောင်းချခြင်း၊ ၎င်းနို့မှုန့်များကို အသုံးပြုပြီး စားသောက်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချခြင်းများအား ပိတ်ပင်တားမြစ်လိုက်ကြောင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၀၈) ဖြင့် (၉-၁၀-၂၀၀၈)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

*** ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။**
*** မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့ အသုံးဝင်။**
*** အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။**

# မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ဆင်နွှဲကြတော့မည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

**ရိုးရာအမွေကို ထိန်းသိမ်းရင်း ပြိုင်ပွဲဝင်နေသည့် ရုပ်သေး ပြိုင်ပွဲမှ ဇော်အက ဖြင့် ကြိုးဆွဲကပြပုံ။**



## သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သာဉာဏ်(သတင်းစဉ်)

မျိုးဆက်သစ်အနုပညာရှင်များအား အစဉ်အမြဲ ပြုစုပျိုးထောင်ပေးနေသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးသုခုမ အနုပညာပွဲတော်ကြီးကို နေပြည်တော်၌ စည်ကားသိုက်မြိုက် ခမ်းနားထည်ဝါ စွာဖြင့် စတင်ကျင်းပတော့မည်ဖြစ်သည်။ ထိုအနုသုခုမပွဲတော်ကြီးကို နိုင်ငံတော် အစိုးရက မျိုးချစ်စိတ်ဓာတ်ကို အခြေခံကာ မြန်မာလူမျိုးတို့၏ ရိုးရာအမွေအနှစ်များ မည်မျှကြီးကျယ်ခမ်းနားထည်ဝါသည်ကို ကမ္ဘာကသိစေရန်နှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ရည်ရွယ်၍ ကျင်းပလာခဲ့သည်မှာ ၁၆နှစ် ခရီးသို့ပင် တိုင်ခဲ့ပေပြီ။ ထိုသို့ ခရီးလမ်းရှည် တိုင်ခဲ့နိုင်စေရန်အတွက် ထိုပြိုင်ပွဲကြီးကို နိုင်ငံတော်အစိုးရနှင့်အတူ မြေတောင်မြှောက်ပေးသူ၊ ပြုစုသူ၊ ယုယသူ၊ ဂရုစိုက်သူ၊ အားပေးချီးမြှောက်သူများက ဝိုင်းဝန်းကာ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့၍ ယခုကဲ့သို့ သက်တမ်းရှည်ကြာ ခရီးဆက်နိုင်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမို၍ ငွားငွားစွင့်စွင့်၊ တင့်တင့်တယ်တယ်၊ ခမ်းခမ်းနားနား ကျင်းပလာနိုင်သည်ဟု ဆိုပါက မမှားပေ။

ထိုပြိုင်ပွဲများ၏ အခြေခံအုတ်မြစ်မှသည်တစ်ဆင့်တက်ကာ ကြိုးစားစွမ်းဆောင်ခဲ့ကြသည့် မျိုးဆက်သစ်အနုပညာသည်လေးများသည်ပင် ယခု

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁**



**မြန်မာ့အကအလှကို ဤသို့ ကပြပြိုင်ပွဲဝင်ခဲ့သည်မှာလည်း စွဲမက်ဖွယ်ရာပင်။**

# သီတင်းကျွတ်နှင့် မြန်မာမှု

**သတင်းဆောင်းပါး-သတင်းထောက်သန်းဆွေနှင့် တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ဝါလကင်းလွတ် သီတင်းကျွတ်ပြီဆိုလျှင် ငယ်ရွယ်သူ မြန်မာ ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူ မြန်မာလူကြီးများ၏ ဘဝတို့တွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ မြန်မာမှုလက်ရာများကို တွင်ကျယ်စွာ အသုံးပြုလာကြသည်ကိုတွေ့ရသည်။ ထိုကာလတွင် မြန်မာတို့၏ထုံးတမ်းစဉ်လာ ဓလေ့ထုံးစံများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြသည်။



**ကြီးမားသော ဘီလူးမမျက်ကွင်း မီးပုံးကြီး**

သီတင်းကျွတ်ကာလတွင် ကလေးငယ်များသည် ဆီမီး၊ ဖယောင်းတိုင်နှင့်ရောင်စုံမီးများ ထွန်းညှိခြင်း၊ အလှမီးပုံးများ ချိတ်ဆွဲခြင်း၊ မီးပုံးပျံ လွှတ်တင်ခြင်းနှင့် ရောင်စုံမီးပုံးများ ထွန်းညှိလှည့်လည်ခြင်းတို့ကို

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ❂**



**သဘာဝသစ်ရွက်ခြောက်၊ ပန်းခြောက်၊ ဝါးမျှင်ခြောက်၊ သေးငယ်သည့် အသီးအခြောက်များဖြင့် ကပ်၍ (HAND MADE) လက်ဖြင့် ဖိတ်စာများတွင် ဤသို့ အလှတန်ဆာ ဆင်ထားသည်။**

# ရေနံစိမ်းမှ ဆာလ်ဖာဓာတ် ဖန်းဂတ်စ်မှိုဖြင့် ဖယ်ရှားနိုင်

**တီဟီရန် အောက်တိုဘာ ၁၃**

ရေနံစိမ်းမှ ဆာလ်ဖာဓာတ်ကို ဖယ်ရှားပေးနိုင်မည့် ဖန်းဂတ်စ်မှို (fungus)တစ်မျိုးနှင့်ပတ်သက်၍ မိမိတို့ သုတေသနပြုလေ့လာနေကြောင်း အီရန်သိပ္ပံပညာရှင်များက ယနေ့ ပြောကြားသည်။

ဆာလ်ဖာဓာတ်သည် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော အဓိက အကြောင်းတရားတစ်ရပ်ဖြစ်သည်။

ရေနံစိမ်းတွင်ပါဝင်သော ဆာလ်ဖာဓာတ်ကို ဖန်းဂတ်စ်မှိုဖြင့် ဖယ်ရှားနိုင်ရန် မိမိတို့ ပထမအကြိမ် လေ့လာလျက်ရှိကြောင်း ဖန်းဂတ်စ်မှို အသုံးပြုသော နည်းလမ်းသည် ရေနံစိမ်းကို သန့်စင်အောင်ပြုလုပ်သည့် သမားရိုးကျနည်းလမ်းများထက် ပိုမိုထိရောက်မှုရှိမည်ဖြစ်ကြောင်း ဓာတုဗေဒအင်ဂျင်နီယာ ဂျလားရှာရီဂန်က ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**